မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁

၂၀၀၉ ခုနှစ် ဧပြီ ၂၉ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရှီမွန်ပဲရေ့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းနိုင်ရေး ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပတော့မည်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရန် ပြည်သူများနှင့် လက်တွဲကြိုးပမ်း

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၉ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၀၉ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားအပေါင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော အလုပ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁

၂၀၀၉ ခုနှစ် ဧပြီ ၂၉ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘင်ဂျမင်နာတာညာဟုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မန္တလေးတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ရက် နံနက်ပိုင်းတွင် စည်ပင်သာယာရေးဦးစီးဌာန မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း၏ *စာမျက်နှာ ၈ ကော်လံ ၁* ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

1-5 (01).pmd 1 5/1/2009, 3:15 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁ ရက်)

ပြည်ထောင်စုတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေး လမ်းကွန်ရက်များတိုးမြှင့်ဖော်ဆောင် တံတားရေရှည်တည်တံ့ရေး ဒေသခံတိုင်းရင်းသားများ ဝိုင်းဝန်းထိန်းသိမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်း မိုင်တိုင်အမှတ် (၁၀၆/၆) ရှိ ရွှေလီမြစ်ကူး ရွှေလီတံတား(နမ့်ခမ်း) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၇ရက်နေ့က အဆိုပါတံတားအနီးရှိ မဏ္ဍပ်၌ ကျင်းပခဲ့သည်။

နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး အဓိကကျပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လမ်းများ၊ တံတားများကို ကွန်ရက်သဖွယ် ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

ယခုဖွင့်လှစ်လိုက်သော ရွှေလီတံတား(နမ့်ခမ်း)ကြောင့် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်းကွန်ရက်၌ လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့လာမည်ဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုလည်း ပိုမိုလျင်မြန်စွာဖြင့် ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်တော့မည် ဖြစ်သည်။

ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများသည်လည်း ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။

ယခုကဲ့သို့ တံတားဖွင့်လှစ်လိုက်ခြင်းကြောင့် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်းရှိဒေသများ ပိုမိုဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ပြီး တိုင်းရင်းသားများအကြား ရင်းနှီးချစ်ခင်မှုကိုရရှိ၍ ပြည်ထောင်စုတစ်ဝန်း စည်းလုံးမှုကို ပိုမိုတည်တံ့ခိုင်မြဲစေမည် ဖြစ်သည်။

ဤတံတားကို မြန်မာအင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များ၏ အတတ်ပညာနှင့် အတွေ့အကြုံပေါ် အခြေခံပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၈ခုနှစ်မှစပြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀နှင့်အထက် တံတားကြီးများတွင် ယခုတံတားသည် ၂၂၂စင်းမြောက်တံတား ဖြစ်သည်။ ယခုတံတားအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပေ ၁၈၀နှင့်အထက် တံတားပေါင်းခြောက်စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

မူလကြိုးတံတားကြီးကို ၁၉၄၅ ခုနှစ်ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်၍ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ခံနိုင်ဝန်အား လျော့နည်းကျဆင်းလာသည့်အတွက် တံတားအသစ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးရေးအတွက် အကြားအလပ်မရှိ ဖြည့်ဆည်းပေးလျက်ရှိရာ ရွှေလီတံတား(နမ့်ခမ်း) တံတားကြီးအပါအဝင် တံတားကြီးငယ်များ ရေရှည်တည်တံ့ရေးအတွက် ဒေသခံတိုင်းရင်းသားများက တာဝန်သိသိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အာဋ္ဌာနာဋိယသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**ထီးကြီးကြီးဆောင်းပါ** တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၆:၅၀	ကလောမှာထင်ရှားရွှေဥမင်ဘုရား
၇:၀၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၁)
၇:၃၀	TOM & JERRY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)
၉:၀၅	ရတနာပုံမြို့တည်၊ နန်းတည် အနှစ် (၁၅၀)ပြည့် မန္တလေးအနုပညာပုံရိပ်ပွဲတော် အကြိုပြင်ဆင်နေမှုများ
၉:၃၀	သီးနှံစိုက်ပျိုး အထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့
၉:၄၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၅၅	တန်ဖိုးမြင့်ထုတ်ကုန်သားရေစက်ရုံ
၁၀:၁၀	လက်သည်းပန်းချီ(အပိုင်း-၁)
၁၀:၂၅	ရ-ရထားကြီးပျော်ပျော်စီး
၁၀:၃၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မတူးနှင့် တွေ့ဆုံခြင်း)
၁၁:၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၃၅	အဆာပြေစားကြမယ် သရေစာမုန့်များကွယ် (ဖက်ထုပ်ကြော်ပြုလုပ်နည်း)
၁၁:၅၀	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၂:၀၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက် အလားဥသဖရား)(အပိုင်း-၂)
၁၂:၃၅	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၂:၅၀	ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁:၀၀	**ထီးကြီးကြီးဆောင်းပါ** တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၁:၅၀	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၁:၅၅	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
၂:၀၅	MNL Cup 2009 မှ ပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "Yangon United FC"
၂:၃၀	Science Tech Today မုန်တိုင်းများ (အပိုင်း-၁)
၃:၀၅	Art Vision (Impasto Exhibition '09)
၃:၂၅	Say it in English
၃:၃၅	The Sand is a Predator (part-2)
၄:၀၅	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၄:၂၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancy Wear)
၄:၃၀	တေးဂီတအစီအစဉ်
၄:၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)
၅:၁၅	VJ Choice
၅:၄၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၆:၃၀	ဂီတသံစဉ်အလှဆင် ချိုပြုံး
၆:၄၅	ရတနာပုံမြို့တည်၊ နန်းတည် အနှစ် (၁၅၀)ပြည့် မန္တလေးအနုပညာပုံရိပ်ပွဲတော်အကြိုပြင်ဆင်နေမှုများ
၇:၁၀	လှေလာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂)
၇:၄၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကမ္ဘာ့အေးကွန်ဒိုမီနီယံ)
၈:၀၀	MRTV-4 သတင်း
၈:၁၅	Art Vision (Impasto Exhibition '09)
၈:၃၀	MNL Cup 2009 မှ ပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "Yangon United FC"
၈:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မတူးနှင့် တွေ့ဆုံခြင်း)
၉:၁၅	အဆာပြေစားကြမယ် သရေစာမုန့်များကွယ် (ဖက်ထုပ်ကြော်ပြုလုပ်နည်း)
၉:၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၁)
၁၀:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅	VJ Choice
၁၂:၁၀	စွဲမက်ဖွယ်ရာရတနာ(စိန်ကျောက် အလားဥသဖရား)(အပိုင်း-၂)
၁၂:၃၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancy Wear)
၁၂:၄၅	သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။	မဟာဂီတချိုကြည်မြ
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၄၀	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	ရှင်သန်နေသော သီချင်းများ (Living Songs)
	၂၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်နှင့် သိုင်းမောင်နံ** (အပိုင်း-၁)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား CMB မှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား အမေရိကန်နိုင်ငံအခြေစိုက် China Medical Board(CMB) မှ President, Dr.Lincoln C.Chen, China Medical Board(CMB) အဖွဲ့ Chairperson, Mrs. Mary B.Bullock နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၏ ဆေးပညာသင်ကြားရေး အရည်အသွေး ပိုမိုမြင့်မား တိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂-၅-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (ဓဇဂ္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	လောကနီတိ အသိရှိစေဖို့ (သောကကင်းဝေးရေး)
၈:၄၀	တေးပဒေသာ
၉:၀၀	ဘဝအသွင် ကဗျာ့အမြင် (အဆုံးသတ်)
၉:၁၀	တေးပဒေသာ
၉:၃၀	မွေးနေ့လက်ဆောင်
၉:၄၅	အာဆီယံအစီအစဉ်
၁၀:၀၀	မင်္ဂလာလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ကလေးအစီအစဉ် (ကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ) (ရေကောင်းရေသန့်ကဗျာ) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ပန်းသီးတစ္ဆေ)
၁၁:၅၅	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် တေးပဒေသာ
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလက်မှုပညာပန်းချီ) (နေ့လယ်ခင်းတေးပဒေသာ)
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး (ချစ်ခြင်းကို နည်းနည်းလျှော့)
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	လေလှိုင်းကြားက ပွဲတင်သံ
၁၇:၁၅	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ခေတ်မရွေးသောတေးများ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၀၅	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	ကျန်းမာရေးရာ သိကောင်းစရာ (ရုပ်ရည်လှလျက် ဆံပင်ဖျက်သော်) တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀:၅၀	နိုင်ငံတကာအနုပညာ (၄၆)
၂၁:၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

စက်မှုဇုန်များကို တစ်နိုင်ငံလုံးဖြန့်ကြက်၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကပါဝင်မှု သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့ရ

✻ ရှေ့ဖုံးမှ

မှန်ကန်သော ဦးတည်ချက်များ

မြန်မာနိုင်ငံတွင် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် စည်းလုံးညီညွတ်သည့်အင်အားဖြင့် မှန်ကန်သော ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အတူ စီးပွားရေးအခြေခံကောင်းများနှင့် ပြည်သူများကျန်းမာစွာဖြင့် သက်တမ်းစေ့နေနိုင်ရေး၊ ပညာရည်မြင့်မားရေးစသည့် လူမှုရေးအခြေခံကောင်းများကိုပါ တိုးတက်ရရှိအောင် တည်ဆောက်နိုင်ခဲ့ပါသည်။

အောင်မြင်မှုအသီးအပွင့်များ

နိုင်ငံတော်၏ ဒေသအသီးသီးတွင် အကြားအလပ်မရှိ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားထုကြီး၏ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြရပြီဖြစ်ပါသည်။

ဟန်ချက်ညီညီ

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတော်ပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်နိုင်စေရန် စီမံပေးလျက်ရှိပါသည်။

တစ်နှစ်ထက်တစ်နှစ်တိုးတက်

နိုင်ငံတော်အား စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းရာတွင် စက်မှုဇုန်များကို တစ်နိုင်ငံလုံးဖြန့်ကြက်၍ တည်ထောင်ဖွင့်လှစ်ပေးခဲ့သည့်အတွက် စက်မှုကဏ္ဍ၌ ပုဂ္ဂလိကပါဝင်မှု သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့ရှိနေရပြီဖြစ်ပါသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု များပြားလာခြင်း၊ နိုင်ငံတော်ပိုင်းက စက်မှုလုပ်ငန်းကြီးများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကြောင့်လည်း တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်းတွင် စက်မှုကဏ္ဍမှပါဝင်မှု အချိုးအစားသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါသည်။

သို့ဖြစ်၍ နိုင်ငံတော်သည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါသည်။ ထို့အပြင် အလုပ်သမားကြီးများအား အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် မြှင့်တင်ရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။

ကာကွယ်စောင့်ရှောက်

တစ်ဖက်ကလည်း နိုင်ငံတော်တည်ဆောက်ရေးတွင် အလုပ်သမားကြီးများ၏ အရေးပါမှုကို အသိအမှတ်ပြုလျက် အလုပ်သမားများ၏ လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝါဏိဇ္ဇပဋိပက္ခမှုများအား မှန်ကန်စွာဖြေရှင်းရေး၊ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးစသည့် အလုပ်သမားခံစားခွင့်များကို နိုင်ငံတော်က အလေးထား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

တစ်ခဲနက်အတည်ပြုခဲ့

အမျိုးသားညီလာခံကြီးတွင် အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များ ပါဝင်ချမှတ်ခဲ့သည့် အခြေခံမူများနှင့်အညီ ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ယခုအခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် တစ်ခဲနက်အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းနိုင်ရေးအတွက် ရွေးကောက်ပွဲများကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပတော့မည်ဖြစ်ပါသည်။

လက်တွဲကြိုးပမ်း

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရန် အလုပ်သမားထုကြီးက သမိုင်းဖြစ်စဉ်တစ်လျှောက် ရရှိခဲ့သောအတွေ့အကြုံများနှင့် မျက်မှောက်ကာလအဖြစ်အပျက်များကို ပေါင်းစပ်သုံးသပ်၍ ပြည်သူများနှင့် စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် လိုပါသည်။

ပိုမိုကြိုးပမ်းထမ်းဆောင်

ယနေ့ကဲ့သို့ ကောင်းမြတ်သည့် အလုပ်သမားနေ့ အချိန်အခါတွင် ကာယ၊ ဉာဏ အလုပ်သမားကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုကြိုးပမ်းထမ်းဆောင်လျက် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

နိုင်ငံတော်၏ ဒေသအသီးသီးတွင် အကြားအလပ်မရှိ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားထုကြီး၏ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြရပြီ။

1-5 (03).pmd 1 5/1/2009, 3:15 AM

မက္ကဆီကိုနိုင်ငံ၌ ဝက်တုပ်ကွေးဖြစ်၍ သေဆုံးသူ ၁၇၆ ဦးရှိပြီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်ချက် အဆင့် ၅ တိုးမြှင့်ထား

မက္ကဆီကိုစီးတီး ဧပြီ ၃၀

မက္ကဆီကိုနိုင်ငံ၌ ဝက်တုပ်ကွေးရောဂါကြောင့်သေဆုံးသူဦးရေမှာ ယခုအခါ ၁၇၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဟိုဆေးအိန်ဂျယ်ကော်ဒိုဗာက ဧပြီ ၂၈ရက် ညနေပိုင်းတွင် ထုတ်ဖော်ပြောကြားသည်။ ဝက်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၄၉၈ဦးရှိပြီး ၁၃၁၁ဦးမှာ ဆေးရုံတင်ထားရဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်နယ်ငါးခုတွင်လည်း ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ ယခုအခါ ၆၈ဦးအထိ တိုးလာသည်။ နယူးယောက်စီးတီးမှ စာသင်ကျောင်းတစ်ကျောင်း ထပ်မံပိတ်လိုက်ရသည်။

ပြန်လာ

ဝက်တုပ်ကွေးရောဂါသည် အရှေ့အလယ်ပိုင်းနှင့် အာရှ-ပစိဖိတ်ဒေသသို့တိုင် ကူးစက်လာရာ ထိုင်းနိုင်ငံ၌ အသက်၄၂နှစ်ရှိ အမျိုးသမီးတွင် ထိုရောဂါပိုးတွေ့ရှိသဖြင့် ချူလာလောင်ကွန်းဆေးရုံ သီးသန့်ခန်းတွင် ထားရသည်။ ထိုအမျိုးသမီးသည် မက္ကဆီကိုနိုင်ငံမှ မကြာမီက ပြန်လာသူဖြစ်သည်။

ကြေညာ

အလားတူပင် အသက်၅၁နှစ်ရှိ အမျိုးသမီးတစ်ဦး ဝက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးတွေ့ရှိသဖြင့် ဆေးရုံသီးသန့်ခန်း၌ ထားရကြောင်း တောင်ကိုရီးယားအစိုးရက ဧပြီ၂၉ရက်တွင် ကြေညာသည်။

နယူးဇီလန်နိုင်ငံ၌လည်း ဝက်တုပ်ကွေးရောဂါဖြစ်သည်ဟုဆိုကာ သီးသန့်ခန်း ထားရသူပေါင်း ၁၇၉ဦးအထိရှိသွားပြီဟု ကျန်းမာရေးဝန်ကြီးဌာန အရာရှိများက ဧပြီ၂၉ရက်တွင် ပြောကြားသည်။

စမ်းသပ်တွေ့ရှိ

အစ္စရေးနိုင်ငံ၌လည်း မက္ကဆီကိုမှ ပြန်လာသည့် အသက်၄၉နှစ်အရွယ် အမျိုးသားတစ်ဦးကို ဒုတိယလူနာအဖြစ် စမ်းသပ်တွေ့ရှိပြန်သည်ဟု ဆိုသည်။

မက္ကဆီကိုနိုင်ငံအပြင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှာ ဝက်တုပ်ကွေးရောဂါဖြစ်ပွားပျံ့နှံ့လျက်ရှိပြီး မက္ကဆီကိုမှအပ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း၁၀၀ကျော် ကူးစက်လာသည်ကို တွေ့ရသည်။ အချို့သော ရောဂါကူးစက်မှုတို့မှာ လူလူချင်းကူးစက်သည့် လက္ခဏာရှိလာသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)အရာရှိများက အများပြည်သူတို့ သတိထားရမည့် နှိုးဆော်ချက်အဆင့် ၅သို့ တိုးမြှင့်ရန် ဆုံးဖြတ်လိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကုန်တင်ရထားနှင့် ခရီးသည်တင်ရထား အိန္ဒိယချင်နိုင်း၌ တိုက်မိ၊ ခုနစ်ဦးသေဆုံး

နယူးဒေလီ ဧပြီ ၃၀

အိန္ဒိယနိုင်ငံ တမီးလ်နာဒူပြည်နယ် ချင်နိုင်းမြို့၌ ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတစ်စင်းတို့ ဧပြီ၂၉ရက်က တိုက်မိခဲ့ရာ **(အပေါ်ပုံ)**ခုနစ်ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တင်ပို့ပေးခဲ့

ရထားနှစ်စင်းမှာ ဧပြီ ၂၉ ရက် နံနက် ၆ နာရီက တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား ချင်နိုင်းမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

နီပေါအလုပ်သမား ၁၀၀၀၀၀ ဆော်ဒီအာရေဗျ အလုပ်အကိုင်ပေးမည်

ခတ္တမန္ဒူ ဧပြီ ၃၀

ဘဏ္ဍာရေး အခြေအနေမကောင်းသဖြင့် နိုင်ငံခြားသားအလုပ်သမားများလက်ခံမှု အခြားနိုင်ငံများက လျှော့ချနေချိန်တွင် ၂၀၀၉ခုနှစ်အတွက် နီပေါအလုပ်သမားများအား အလုပ်ခန့်ရန် ဆော်ဒီအာရေဗျနိုင်ငံက နိုင်ငံကူးလက်မှတ် ၁၀၀၀၀၀ ကို အတည်ပြုပေးလိုက်ကြောင်း နီပေါစာနယ်ဇင်းများက ဧပြီ ၂၉ ရက်တွင် ဖော်ပြသည်။

နီပေါအလုပ်သမားများ အပါအဝင် နိုင်ငံခြားသားအလုပ်သမားများကို ယခုနှစ်အတွင်း အလုပ်ဖြုတ်ပစ်မည်မဟုတ်ကြောင်း ဆော်ဒီအာရေဗျအရာရှိများက မိမိတို့အား အာမခံပြောကြား လိုက်သည်ဟု နိုင်ငံခြားအလုပ်အကိုင် ရှာဖွေရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒက်ကိုတာက ပြောကြားသည်။

အတည်ပြုပေးခဲ့

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၀၈ ခုနှစ်အတွင်းက နီပေါအလုပ်သမား ၈၀၀၀၀တို့၏ နိုင်ငံကူးလက်မှတ်ကို အတည်ပြုပေးခဲ့သည်။

လိုက်ပါသွား

နီပေါနိုင်ငံ နိုင်ငံခြားအလုပ်အကိုင် ရှာဖွေရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒက်ကိုတာသည် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများနိုင်ငံနှင့် ကာတာစသည့် ပင်လယ်ကွေ့နိုင်ငံများသို့ သွားရောက်ခဲ့သည့် နီပေါကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါသွားခဲ့သူဖြစ်သည်။

နီပေါကိုယ်စားလှယ်အဖွဲ့သည် ပင်လယ်ကွေ့နိုင်ငံများသို့ ၁၀ရက်ကြာ သွားရောက်ပြီး ကမ္ဘာ့ဘဏ္ဍာရေးပြဿနာကြောင့် နီပေါအလုပ်သမားများ၏ အခြေအနေမည်သို့ ထိခိုက်ခြင်းရှိမရှိ လေ့လာခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကယ်လီဖိုးနီးယား၌ ယာဉ်တိမ်းမှောက်၍ ၁၀ ဦးသေဆုံး

ဆန်ဖရန်စစ္စကို ဧပြီ ၃၀

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားအမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဧပြီ ၂၈ ရက်က တိမ်းမှောက်သဖြင့် ၁၀ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကြောင်း မီဒီယာသတင်းအရ သိရှိရသည်။

အဆိုပါမော်တော်ယာဉ်သည်ပြင်သစ်၊ ကနေဒါခရီးသည်များအား တင်ဆောင်လာခဲ့သည်ဟု ဆန်ဖရန်စစ္စကို ခရော်နစ်ကယ်သတင်းစာက ရေးသားသည်။ လူနာတင်ယာဉ်အများအပြားနှင့် ရဟတ်ယာဉ်များ အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။ မတော်တဆမှုဖြစ်ပွားသည့် အဆိုပါလမ်းမကြီးကို ရက်အကန့်အသတ်မရှိ ပိတ်ထားသည်။

ယင်းမတော်တဆမှု၏ အကြောင်းရင်းကို ရှင်းလင်းစွာမသိရှိရသေးပေ။ ခရီးသည်အများစုကို ဘတ်စ်ကားအတွင်းမှ ဆွဲထုတ်ခဲ့ရပြီး လမ်းမပေါ်နှင့်ရထားလမ်းမပေါ်တွင်ခေတ္တထားရှိခဲ့ရသည်ဟု သတင်းစာက ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကြမ်းဖက်သမားအယ်လ်ခိုင်ဒါအဖွဲ့ဝင် ခေါင်းဆောင်တစ်ဦး အီရတ်အာဏာပိုင်များ ဖမ်းဆီးမိ

ဘဂ္ဂဒက် ဧပြီ ၃၀

အမေရိကန်သမ္မတ အိုဘားမား အီရတ်နိုင်ငံသို့ မရောက်မီ တစ်ရက်အလိုတွင် ဘဂ္ဂဒက်မြို့တော်၌ ဗုံးခွဲအကြမ်းဖက်မှုများ ကျူးလွန်သည့် အယ်လ်ခိုင်ဒါအဖွဲ့ဝင် ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးထားကြောင်း အီရတ်အာဏာပိုင်များက ဧပြီ ၂၈ ရက်တွင် ကြေညာသည်။

ဧပြီ ၆ ရက်က ဘဂ္ဂဒက်မြို့တော်တစ်ဝန်း ကားဗုံးခွဲတိုက်ခိုက်မှု ခုနစ်ခုဖြစ်ပွားသဖြင့် အနည်းဆုံး ၃၇ ဦးသေဆုံးသည်။

ကျူးလွန်

ထိုအုပ်စုသည် ကားဗုံးခွဲမှုများ၊ ယာဉ်မောင်းကိုသတ်ပစ်သည့်ကား ပြန်ပေး ဆွဲမှုများ၊ ကားဗုံးခွဲရန် မော်တော်ကားများ အသုံးချမှုအပါအဝင် တိုက်ခိုက်အကြမ်းဖက်မှု ၂၇ မှုကို ကျူးလွန်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အဗ္ဗဒူကာရင်ခါလက်က ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ရဲတစ်ဦးလည်းပါဝင်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ၎င်းအား ဖမ်းဆီးလိုက်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျိုးမြို့တွင် ရဲတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ဖျက်ရေးစွမ်းရည်ပြမှုကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသရှိ လူစည်ကားရာဈေးများ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာ မြောက်ပိုင်းဒေသ၌ တိုက်ခိုက်မှုများပြီးဆုံးဟု အစိုးရကြေညာ

ကိုလံဘို ဧပြီ ၃၀

သီရိလင်္ကာတပ်ဖွဲ့ဝင်များက သီရိလင်္ကာမြောက်ပိုင်းဒေသများတွင် တိုက်ခိုက်မှုများပြီးစီးသွားပြီဖြစ်ကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ကြီးများ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့် လေကြောင်းသုံး လက်နက်များ အသုံးပြုမှု ရပ်ဆိုင်းရန် သီရိလင်္ကာအစိုးရက ဧပြီ ၂၇ ရက်တွင် ကြေညာသည်။

ပြောကြား

သီရိလင်္ကာတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ရေးပြီးဆုံးရန် အစိုးရက ဆုံးဖြတ်ထားကြောင်း၊ မိမိတို့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သူအရပ်သားများ သေဆုံးနိုင်စေမည့် လက်နက်ကြီးများ၊ လေကြောင်းမှပစ်ခတ်မှုများနှင့် တိုက်ခိုက်ရေးလေယာဉ်များအသုံးပြုမှု ရပ်ဆိုင်းရန် ညွှန်ကြားထားသည်ဟု အစိုးရက ပြောကြားသည်။

ဖော်ပြ

ဓားစာခံဖြစ်နေသည့် အရပ်သူအရပ်သားများလုံခြုံရေးအတွက် မိမိတို့တပ်ဖွဲ့ဝင်များက ကြိုးပမ်းနေကြပြီး အရပ်သူ အရပ်သားများအား ကယ်ဆယ်ရေးကိစ္စသည် ဦးစားပေးလုပ်ငန်းဖြစ်သည်ဟု အစိုးရကဖော်ပြသည်။

အမ်အင်န်အေ၊ပီတီအိုင်

ဘဂ္ဂဒက်၌ ကားဗုံးသုံးလုံးပေါက်ကွဲ သေဆုံးသူ ၄၁ ဦးအထိရှိပြီ

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသရှိ လူစည်ကားရာဈေးများ၌ ဧပြီ ၂၉ရက်က ကားဗုံးပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားရာ သေဆုံးသူဦးရေမှာ ၄၁ဦးရှိသွားပြီဖြစ်ကာ ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၆၈ဦးဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ပထမထုတ်ပြန်သော သတင်းများ၌ ၁၆ဦးသေဆုံးပြီး ၄၅ဦးဒဏ်ရာရရှိသွားခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ကားဗုံးပေါက်ကွဲမှုများမှာ ဧပြီ၂၉ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဆာဒါစီးတီးဒေသရှိ ဆကျူမာရီဒီဈေး၊ အိမ်မွေးတိရစ္ဆာန်များရောင်းချရာဈေးနှင့် ပျံကျဈေးတို့တွင် ကားဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူများအား ဆေးရုံကားများ၊ အရပ်သားကားများဖြင့် နီးစပ်ရာဆေးရုံများသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့အစီအစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မွန်းတည့် ၁၂နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

တက်ရောက်

နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးတင်ပြ

အစီအစဉ်အရ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကောင်စီဝင်များက ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ နှစ်ချုပ်အစီရင်ခံစာများ၊ ဖတ်ကြားတင်သွင်းသည့် လေ့လာချက်စာတမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကောင်စီဝင်များက ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများ အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြ

ယင်းနောက် အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖွဲ့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက အစည်းအဝေးဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့ကို အကြံပြုတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိက အစည်းအဝေး၏ သဘောတူညီချက်ကိုရယူပြီး ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့ကို ချမှတ်အတည်ပြု၍ နိဂုံးချုပ်အမှာစကားပြောကြားကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး မွန်းတည့် ၁၂နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁

၂၀၀၉ခုနှစ် ဧပြီ ၂၉ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏လွတ်လပ်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗစ်ဒေါ် လီဘာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် ဇေကမ္ဘာဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးက ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့ကိုချမှတ်

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၈ရက်၊ ၂၉ရက်နှင့် ယနေ့တို့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့ကို ချမှတ်သည်။

ဆုံးဖြတ်ချက်(၃)ရပ်မှာ-

၁။ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ လိုက်နာဆောင်ရွက်ရန်။

၂။ "ကျန်းမာရေးအတွက်အရေးကြုံက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ" ၂၀၀၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရန်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများနှင့် အခြားအရေးပေါ်အခြေအနေများကြုံကြိုက်ချိန်တွင် လူ့အသက်များကယ်တင်နိုင်ရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်။

၃။ အသင်းကြီး၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ဦးတည်ချက်တူညီသော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး တက်ကြွစွာလှုပ်ရှားဆောင်ရွက်ရန်တို့ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်မှာ-

၁။ မိခင်မွေးကင်းစကလေး၊ ငါးနှစ်အောက်ကလေးများ သေဆုံးနှုန်းကျဆင်းရေးကိုဦးတည်၍ ကျေးလက်ဒေသများနှင့် မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်များတွင် အထူးအလေးထားဆောင်ရွက်ရန်။

၂။ ဒေသခံအရန်သားဖွားဆရာမများ ဆက်လက်မွေးထုတ်ပေးရန်နှင့် အရည်အသွေးမြင့်တင်ရေးအတွက် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ပေးရန်။

၃။ မိသားစုကျန်းမာရေးအတွက် အာဟာရအသိပညာတိုးမြင့်စေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ ချက်ပြုတ်စားသောက်တတ်သော အလေ့အကျင့်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်။

၄။ ငှက်ဖျား၊ တီဘီ၊ HIV/AIDS၊ ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အကယ်၍ဖြစ်ပွားလာပါက နီးရာကျန်းမာရေးဌာနသို့ အလျင်အမြန်သတင်းပို့ရန်။

၅။ ကူးစက်ခြင်းမရှိသောရောဂါများ ကာကွယ်ရေးအတွက် ကျန်းမာသောဘဝနေထိုင်မှုအလေ့အကျင့်များရရှိစေရေး ပြည်သူလူထုအတွင်း ပညာပေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်။

၆။ မိသားစုပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေး သုံးစွဲရေးနှင့် ယင်လုံအိမ်သာ ရာနှုန်းပြည့်အသုံးပြုရေး ကြိုးပမ်းဆောင်ရွက်ရန်။

၇။ ဆေးဖက်ဝင်သော အပင်များစိုက်ပျိုးလျက် တိုင်းရင်းဆေးပညာအသိဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ကြရန်။

၈။ ကလေးများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖန်တီးပေးရန်နှင့် အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများဖြစ်ရေး ဆောင်ရွက်ပေးရန်။

၉။ ပညာရည်မြင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၀။ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် အရည်အသွေးရှိ မူလတန်းကြိုကျောင်းများ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးရန်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ခွင့်ရရှိပြီး မူလတန်းပညာပြီးမြောက်အောင် သင်ကြားခွင့်ရရှိစေရေးနှင့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအတွက်လည်း ကူညီပံ့ပိုးရန်။

၁၁။ မိသားစုဝင်ငွေတိုးပွားစေရန် အသေးစားချေးငွေလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၂။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ ဆက်လက်မွေးထုတ်၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စီးပွားရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြင့်၍ ဆောင်ရွက်ရန်နှင့် ဆယ်အိမ်စုမှူးများမှ မိမိနေရပ်အတွင်း ဖွား/သေ စာရင်းများကို နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပို့ခြင်း ကူညီဆောင်ရွက်ရန်တို့ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အမှတ်(၃)လမ်းဆုံမှ နေပြည်တော်စီလမ်းဆုံအထိ ၁၀-၄-၂၀၀၉ ရက်မှစ၍ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့် နှုန်းထားများ

ယာဉ်အမျိုးအစား	အမှတ်(၃)လမ်းဆုံ မှ ဖြူး	ဖြူး မှ နေပြည်တော်	အမှတ်(၃)လမ်းဆုံ မှ နေပြည်တော်
၁တန်အောက်ယာဉ်	၁၅၀၀	၁၀၀၀	၂၅၀၀
၃တန်အောက်ယာဉ်	၃၀၀၀	၂၀၀၀	၅၀၀၀
၅တန်အောက်ယာဉ်	၄၅၀၀	၃၀၀၀	၇၅၀၀
၁၀တန်အောက်ယာဉ်	၇၅၀၀	၅၀၀၀	၁၂၅၀၀

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ၌ ယနေ့အထိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေး ပြည်သူလူထုအား ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၃၀

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza) သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ မက္ကဆီကိုနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၂၃၀၀ကျော်ရှိပြီး သေဆုံးသူ ၁၅၉ဦး ရှိခဲ့ကြောင်းနှင့် မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၈နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

ကြိုတင်ကာကွယ်

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှု မရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော Swine Influenza A (H1N1) ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင်လိုအပ်သော ဆေးနှင့် ဆေးပစ္စည်း၊ ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်/ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လုံးဝမရှိ

မြန်မာနိုင်ငံ၌ ယနေ့အထိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza) ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစစ်ဆေး

လူတွင် ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့ လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှု မရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

တုပ်ကွေးရောဂါ၏ သဘာဝအရ တိရစ္ဆာန်နှင့် လူအကြား အပြန်အလှန်ကူးစက်နိုင် ဝက်မွေးမြူသူများနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများ ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်သွားရန်နှိုးဆော်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံအတွင်း ဝက်တုပ်ကွေးရောဂါ SWINE FLU နှိုးဆော်ချက်

၁။ **ကမ္ဘာတစ်ဝန်းလူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးသတင်း**

(က) **ကမ္ဘာအနှံ့ ရောဂါဖြစ်ပွားမှု။** လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါသည် ၁၇-၄-၂၀၀၉ရက်မှ ၂၉-၄-၂၀၀၉ ရက်အထိ မြောက်အမေရိကတိုက်မှစ၍ တောင်အမေရိက၊ ဥရောပ၊ အာရှ၊ သြစတြေးလျတိုက်များသို့ ကူးစက်ပျံ့နှံ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ ကပ်ရောဂါ အဆင့်(၅)အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း။

(ခ) **လက်ရှိဖြစ်ပွားနေသော ဗိုင်းရပ်စ်၏သဘာဝ။** ၎င်းဗိုင်းရပ်စ်ပိုးသည် ဝက်၊ ကြက်နှင့် လူတုပ်ကွေး ဗိုင်းရပ်စ်ပိုးတို့၏ ဗီဇရုပ်သွင်များ ပေါင်းစပ်ရောနှောနေသည့် တုပ်ကွေးဗိုင်းရပ်စ်ပိုးမျိုးသစ် H1 N1 ဖြစ်ကြောင်း။

၂။ **ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် (OIE) ၏ သဘောထား**

(က) ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်(OIE) ၂၈-၄-၂၀၀၉ရက်နေ့ သတင်းထုတ်ပြန်ချက်အရ မြောက်အမေရိကတိုက်၌ လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးဗိုင်းရပ်စ် A အမျိုးအစား H1 N1 သည် အစားအစာများမှ ကူးစက်ခဲ့ခြင်း မဟုတ်ပါကြောင်း။

(ခ) ယခုအချိန်အထိ ၎င်း H1 N1 ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ်သော ဝက်မှ ရှာဖွေတွေ့ရှိခြင်းမရှိသောကြောင့် ဝက်တုပ်ကွေးဟု အမည်မတပ်သင့်ပါကြောင်း၊ ယခင်ဖြစ်ပွားခဲ့သော လူတုပ်ကွေး ကပ်ရောဂါများကဲ့သို့ပင် (ဥပမာ စပိန်တုပ်ကွေး၊ အာရှတုပ်ကွေး) ခေါ်ဆိုသကဲ့သို့ ယခု ဗိုင်းရပ်စ်ကိုလည်း မြောက်အမေရိကတုပ်ကွေး (**North American influenza**) ဟု ခေါ်ဆိုသင့်ကြောင်း။

(ဂ) လက်ရှိ တုပ်ကွေးရောဂါကြောင့် ဖြစ်ပွားရာဒေသရှိ ဝက်များ၌ ရောဂါကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးသဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် **OIE** အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဝက်နှင့် ဝက်ထွက်ပစ္စည်းများ ကုန်သွယ်မှု၌ ကန့်သတ်သည့် အစီအမံများ မလိုအပ်သေးကြောင်းနှင့် စားသုံးမှုအန္တရာယ် မရှိနိုင်ပါကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါ သဘာဝဖြစ်စဉ်။** ဝက်တုပ်ကွေးရောဂါဖြစ်ပွားသော ဝက်များတွင် ဖျားနာမှုပြင်းထန်နိုင်သော်လည်း အသေအပျောက် နည်းပါးကြောင်း၊ စီးပွားဖြစ်မွေးမြူရေးခြံများတွင် ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်ပေးနိုင်သော ရောဂါဖြစ်ကြောင်း။

၄။ **မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလေ့ရှိသော ဝက်ရောဂါ။** မြန်မာနိုင်ငံအတွင်း အဖြစ်များသော ဝက်ရောဂါမှာ ဝက်ဝမ်းကျရောဂါ (**Classical Swine Fever**) တစ်မျိုးတည်းသာဖြစ်ပြီး ယနေ့အထိ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ခြင်းမရှိပါကြောင်း။

၅။ **တိရစ္ဆာန်ကျန်းမာရေးသတိ။** တုပ်ကွေးရောဂါ၏ သဘာဝအရ တိရစ္ဆာန်နှင့်လူအကြား အပြန်အလှန်ကူးစက်မှု (**Zoonosis**) ရှိနိုင်သဖြင့် ဝက်မွေးမြူသူများနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ပါတီဝင်အချင်းချင်း ယုံကြည်မှုကင်းမဲ့ပြီး စည်းလုံးညီညွတ်မှုမရှိ မိမိကောင်းစားရေးအတွက်ကိုသာ ရှေ့တန်းတင်မှုများရှိနေသဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ NLD ပါတီဝင်များ တဖွဲဖွဲနုတ်ထွက်

နေပြည်တော် ဧပြီ ၃၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ ဦးထွန်းထွန်းသည် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဦးဝင်းမောင်သည် နိုဝင်ဘာ ၁၂ရက်တွင် လည်းကောင်း၊ ပဲခူးတိုင်း သဲကုန်းမြို့နယ်မှ ဦးဝင်းနိုင်သည် နိုဝင်ဘာ ၂၅ ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ဦးမောင်ထွေး(ခ)ကျူရှုဒေါင်းသည် ဒီဇင်ဘာ ၁၉ ရက်တွင်လည်းကောင်း ၄င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်စာများကို ရေးသားပြီး NLD ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်စာများ ပေးပို့ခဲ့ကြသည်။

နုတ်ထွက်

ထို့အပြင် နေပြည်တော်တပ်ကုန်းမှ ဦးဖြူနှင့် ဦးအုန်းသောင်တို့သည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ ဦးဝင်းသောင်နှင့် ဦးမင်းခေါင်တို့သည် ဇန်နဝါရီ ၁၂ ရက်တွင်လည်းကောင်း၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှ ဦးဘိုကြီးနှင့် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ်မှ ဦးစံလှ(ခ)ကျော်မဲလေး၊ ဦးကျော်သောင်း၊ ဦးသောင်းဖေ၊ ဦးချစ်ဝင်း၊ ဦးလင်းအောင်၊ ဦးသိန်းဇော်တို့သည် ဇန်နဝါရီ ၁၇ရက်တွင် လည်းကောင်း၊ နေပြည်တော်တပ်ကုန်းမှ ဦးဝင်းမောင်နှင့် ဦးဖိုးပိုင်တို့သည် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ နေပြည်တော်တပ်ကုန်းမှ ဦးကြည်တင်သည် ဇန်နဝါရီ ၂၁ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ မဇင်ဇင်လတ်နှင့် မဝင်းဖြူအိတို့သည် ဇန်နဝါရီ ၂၂ရက်တွင်လည်းကောင်း၊ နေပြည်တော်တပ်ကုန်းမှ ဦးဝင်းဆွေသည် ဇန်နဝါရီ ၂၃ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ကိုအောင်ကျော်မိုးနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဦးခင်မောင်ထွေး၊ ဦးကျော်မြင့်တို့အပါအဝင် ပါတီဝင် ၁၁ ဦးတို့သည် ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်မှ ဦးကျော်ညွှန့်သည် ဇန်နဝါရီ ၂၈ ရက်တွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဦးဇော်မင်းလတ်၊ ဦးအောင်မြင့်အေး၊ ဦးလှဌေး၊ ဦးသာစိန်၊ ဦးအေးဖေနှင့် ဦးမောင်မောင်တို့သည် ဖေဖော်ဝါရီ ၁၀ ရက်တွင် လည်းကောင်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှ ဦးစိုးနိုင်သည် ဖေဖော်ဝါရီ ၁၂ရက်တွင် လည်းကောင်း၊ ရန်ကုန်မြို့ ဆိပ်ကြီးခနောင်တို မြို့နယ်မှ ဦးနေလင်းအောင်၊ ဒေါ်မြတ်မွန်အောင်နှင့်ဒေါ်သဇင်ထွေးတို့သည် မတ် ၈ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ်မှ ဦးတင်ကြီးမောင်သည် မတ် ၉ ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်မှ ဦးခင်မောင်အေးသည် ဧပြီ ၄ ရက်တွင် လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်မှ ဦးအောင်မြင့်စိန်သည် ဧပြီ ၂၄ ရက်တွင် လည်းကောင်း ၄င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်စာများကိုရေးသားပြီး NLD ပါတီမှ နုတ်ထွက်ခဲ့ကြသည်။

မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံ

အဆိုပါ NLD ပါတီဝင် ၄၆ ဦးတို့၏ နုတ်ထွက်စာများတွင် ၄င်းတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ NLD ပါတီသည် အသွင်သဏ္ဌာန်အားဖြင့် ကောင်းမွန်သည်ဟု ထင်မြင်ရသော်လည်း ပါတီတွင်း လက်တွေ့အခြေအနေမှာ ပါတီဝင်အချင်းချင်း ယုံကြည်မှုကင်းမဲ့နေခြင်း၊ အချင်းချင်းစည်းလုံးညီညွတ်မှုမရှိခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုလုပ်ခြင်း၊ ကူညီဖေးမမှုမရှိဘဲ မိမိကောင်းစားရေးအတွက်ကိုသာ ရှေ့တန်းတင်မှုများရှိနေခြင်း၊ ပါတီရှိခေါင်းဆောင်အချို့သည် တိုင်းတစ်ပါး၏ ကြိုးဆွဲရာနောက်သို့ လိုက်ပါဆောင်ရွက်နေခြင်းတို့ကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသည့် စစ်မှန်သောအမျိုးသားနိုင်ငံရေးကို ပါဝင်လုပ်ကိုင်ဆောင်ရွက်မည်ဟု ခံယူချက်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံသောကြောင့် လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ အပြီးအပိုင် နုတ်ထွက်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၈ ရက် (ဥပုသ်နေ့)
၁-၅-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ ပျော်ဘွယ်ချည်မျှင်စက်ရုံ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ **ဆုံစည်းခွင့်** ဖိုးသောကြာ၊ မင်းထက်ကျော်ဇင်၊ မြတ်ကေသီအောင်၊ ချစ်သုဝေ (ဒါရိုက်တာသိန်းဟန်-ဖီးနစ်)
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၅။ မြန်မာစာ မြန်မာစကား
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ နွေဦးဂီမာန်တေးသံသာ
- ၅:၃၅ ၉။ အကြော်ခံဆီအန္တရာယ်
- ၅:၄၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၆)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၁၉)
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ပြီ

ရန်ကုန် ဧပြီ ၃၀

၂၀၀၉ခုနှစ် AFC Challange Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) တတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဘန်ကာဘန်ဟုဒ်ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ကမ္ဘောဒီးယားလက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၄၆ မိနစ်တွင် ရာဇာဝင်းသိန်းက သွင်းယူပေးခဲ့သည်။

ခြေစစ်ပွဲအောင်မြင်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(က)တွင် သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်သွားပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မေ ၂ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖော်ပိတ်သတင်း

ဝက်တုပ်ကွေးရောဂါ ပျံ့နှံ့ဖြစ်ပွားမှု ဂျီနီဗာမြို့၌ သတင်းစာရှင်းလင်း

ဂျီနီဗာ ဧပြီ ၃၀

ဝက်တုပ်ကွေးရောဂါသည် ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများအား အသက်အန္တရာယ်ခြိမ်းခြောက်လာသော ကပ်ရောဂါတစ်ခုအသွင် ဆောင်လျက်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဧပြီ၃၀ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်က သတိပေးပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် လောလောဆယ်တွင် အထိရောက်ဆုံး ဟန့်တားနိုင်သည့် နည်းလမ်းကို ရှာဖွေလျက်ရှိကြောင်း၊ မကြာမီအချိန်အတွင်း ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း မာဂရက်ချန်က ဆက်လက်ပြောကြားသည်။

တိုက်တွန်း

ဆွစ်ဇာလန်နိုင်ငံတွင် ဝက်တုပ်ကွေးရောဂါကြောင့် ဧပြီ၃၀ရက်က လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ဥရောပနိုင်ငံများအပြင် အခြားနိုင်ငံများ၌ ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးကို အရေးပေါ်စီမံချက်များချမှတ်ပြီး အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ၄င်းကတိုက်တွန်းပြောကြားသည်။

ဝက်တုပ်ကွေးရောဂါ မပြန့်ပွားရန် နိုင်ငံအချင်းချင်း သွားလာဆက်ဆံမှုများ၊ ကုန်ပစ္စည်းတင်ပို့မှုများ၊ နယ်စပ်ဂိတ်များ၊ လေယာဉ်ခရီးစဉ်များနှင့် လေဆိပ်များတွင် စနစ်တကျ ကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်းလည်း ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်က ထပ်မံသတိပေးပြောကြားသည်။

ပိတ်ထား

ဝက်တုပ်ကွေးရောဂါသည် မက္ကဆီကို၊ ကနေဒါ၊ နယူးဇီလန်၊ ဗြိတိန်၊ ဂျာမနီ၊ စပိန်၊ အစ္စရေးနှင့် ဩစတြီးယားနိုင်ငံတို့တွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး အမေရိကန်နိုင်ငံ၌လည်း ဖြစ်ပွားလျက်ရှိသဖြင့် ပြည်နယ် ရှစ်ပြည်နယ်တွင် စာသင်ကျောင်းများ ပိတ်ထားရသည်။ **(အင်တာနက်)**

ပြည်ပနှင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းခဲ့သော ဝက်နှင့် ဝက်ထွက်ပစ္စည်းများ စားသုံးမှုအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေးပညာပေး ဆွေးနွေးလျက်ရှိ

မြန်မာနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါ မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၃၀

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါသည် ဧပြီ ၁၇ ရက်မှ ၂၉ ရက်အထိ နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၂၉၆၂ ဦးရှိပြီး သေဆုံးသူ ၁၆၀ ရှိခဲ့ကြောင်း သိရှိရသည်။

ကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေး

လက်ရှိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါဖြစ်ပွားရာဒေသများတွင်ရှိသောဝက်များ၌ ယင်းတုပ်ကွေးဗိုင်းရပ်စ် **H1N1** ရောဂါကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် **OIE** သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ မြန်မာနိုင်ငံတွင် မွေးမြူထားရှိသောဝက်များသို့ ကူးစက်မှုမရှိစေရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သောကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြိုတင်သတိပေးနှိုးဆော်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် မက္ကဆီကိုနိုင်ငံ၌ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေး သတင်းရရှိသည်နှင့် တစ်ပြိုင်တည်း ပြည်နယ်၊ တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဆင့်ဆင့်သို့ ကြိုတင်သတိပေးနှိုးဆော်ခြင်း၊ ဝက်မွေးမြူရေးခြံများသို့ တိရစ္ဆာန်ကျန်းမာရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်

နေ့စဉ်ထုတ် သတင်းစာများနှင့် ရေဒီယိုရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်၊ တိုင်းများတွင် ပြည်ပနှင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းခဲ့သော ဝက်နှင့် ဝက်ထွက်ပစ္စည်းများ စားသုံးမှုအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းထုတ်ပြန်

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ **SWINE FLU** သည် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးမှု

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆောက်လုပ်ပြီးလူနာခန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်ကလေးဆေးရုံကြီးသူနာပြုဆောင်၌ကျင်းပရာ အလှူရှင်များဖြစ်ကြသော ဦးကျင်ဝမ်း-ဒေါ်လှသိန်း (ဂျိုးသိန်းဆေးပေါ့လိပ်)ပဲခူးမြို့နှင့် ဦးအောင်မိုးကျော် (IBTC)ကုမ္ပဏီတို့က ငွေကျပ်သိန်း ၅၀၀စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးရောက်စန်း(Crown Wire Co., Ltd.)နှင့် ဦးသန်းမြင့် (အေးရှားဝေါလ်ကုမ္ပဏီ)တို့က ငွေကျပ်သိန်း ၁၀၀စီ၊ ဦးစိုးထွန်းရှိန်(အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ)က ငွေကျပ်၁၀သိန်း၊ ဦးတင်မောင်(စန္ဒီပရဆေး)က ငွေကျပ်၃၀၇၀၀၀နှင့် ဦးဝင်းမြင့် (IWDC အရက်ချက်စက်ရုံလှည်းကူး)က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာတိုင်းမှူးနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ အလှူရှင်များက လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၇၈၀၇၀၀၀ ဖြစ်သည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြအေးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူး နေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဦးမောင်မောင်တိုး အထွေထွေမန်နေဂျာ(စီမံကိန်း) မြန်မာ့အထွေထွေနှင့် ပြုပြင် ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့အထွေထွေနှင့် ပြုပြင် ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ) ဦးထွန်းထွန်းနိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
(ဂ) ဦးခင်မောင်ဇော် အင်ဂျင်နီယာချုပ် ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(ဃ) ဒေါက်တာဝင်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(င) ပါမောက္ခဒေါက်တာတင့်ဆွေလတ် ပါမောက္ခ(ဆေးပညာ) မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(စ) ပါမောက္ခဒေါက်တာနိုင်ဝင်း ပါမောက္ခ(ဓာတ်မှန်) ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဆ) ဒေါ်နန္ဒာမွန်း ဒုတိယပါမောက္ခချုပ်(သင်ကြား) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

■ *ရှေ့ဖုံးမှ*

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မိုင်တိုင်အမှတ် ၁၄၈/၄ မိုင်သို့ ရောက်ရှိရာ ကင်းသာရွာအနီး ရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ကျောက်ချောလမ်း ၇၄/၄မိုင် ခင်းခြင်းလုပ်ငန်း၊ သစ်သားတံတားများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေကျော်တံတားများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပြွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျန်ရှိသည့် လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီးသာအေးက မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လမ်းမိုင်ကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းကောင်းမွန်ရေး၊ လမ်းအရှည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ ခိုင်မာအောင်ဆောင်ရွက်ရေး၊ လမ်းတစ်ဖက်တွင်လည်း လှည်းလမ်းများ ထည့်သွင်းဖောက်လုပ်ပေးရေးနှင့် လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် အရိပ်ရတာမာပင်များကို စိုက်ပျိုးသွားကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်း-ကင်းသာ-ရမည်းသင်း-လှိုင်းတက် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း မိုင်တိုင်(၁၂၂)သို့ ရောက်ရှိပြီး ရွှေမြင်တင် ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ရမည်းသင်း-လှိုင်းတက် လမ်းပိုင်းကို ကျောက်ချောလမ်းခင်းခြင်း၊ လမ်းပခုံးမြေဖို့ခြင်းနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ရမည်းသင်း-လှိုင်းတက် လမ်းပိုင်း၊ တွင်းရွာထိပ် မိုင်တိုင် ၁၀၃မှ ၁၀၇ မိုင် ၂ဖာလုံအထိ စက်ယန္တရားကြီးများဖြင့် ကျောက်ချောလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ အစပြု၍ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို ဖြတ်သန်း၍ ပဲခူးတိုင်းမှတစ်ဆင့် မွန်ပြည်နယ် ပေါင်မြို့အထိ ဆက်သွယ်ထားသည့် လမ်းဖြစ်ပြီး မန္တလေးတိုင်းအတွင်း လမ်းအရှည်မှာ ၂၁၂/၇မိုင် ဖြစ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောက်ဆည်မြို့နယ် သံရွာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကျေးရွာများ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျေးရွာများအတွက် နမူနာ ဇီဝဘက်ထရီများနှင့် ဆက်စပ်မီးချောင်းများကို ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက သံရွာတိုက်နယ်ဆေးရုံအတွက်ဆေးပဒေသာပင်အလှူငွေများကိုတိုက်နယ်ဆရာဝန်ဒေါက်တာကျော့ကျော့ခင်အား လည်းကောင်း၊ ကျေးရွာများအတွက် အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ လည်းကောင်း ပေးအပ်သည်။

မြို့ကြီးရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံ စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးကျော်ချစ်က စီမံကိန်းဆိုင်ရာအချက်အလက်များဖြစ်သည့် တည်နေရာ၊ ချောင်းအမည်၊ ရေဆင်းဧရိယာ၊နှစ်စဉ်ပျမ်းမျှ မိုးရေချိန်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ၊ ကန်ရေသေ ရေလှောင်ပမာဏ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ၊ တမံအမျိုးအစား၊ ရေအားလျှပ်စစ် ဥမင် ရေထုတ်ပြွန် ရေပိုလွှဲ၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအား၊ စီမံကိန်းကာလ၊ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများ၊ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်း၊ ပင်မတမံ တည်ဆောက်ခြင်း၊ တမံမြေဖို့ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကျိုင်းခမ်း ရေလှောင်တမံမှရေကို ဇော်ဂျီရေလှောင်တမံအတွင်းသို့ အလျား၁၄မိုင် ရှည်သော ဆက်သွယ်မြောင်းဖောက်လုပ်၍ ရေသွယ်ခြင်း၊ ဇော်ဂျီရေလှောင်တမံမှ ရေကို မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်ကြောင်းအတိုင်း ရေလွှတ်ပေးခြင်း၊ မြို့ကြီး ရေလှောင်တမံအတွင်းရှိ သိုလှောင်ရေကို ထိန်းချုပ်အသုံးပြုလျက် သီးနှံဧရိယာ တိုးချဲ့ရန် လျာထားသော ဇော်ဂျီ ရေသောက်စနစ်ကို ရေလုံလောက်စွာ ပေးဝေရန်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမြေစာရင်းဦးစီးဌာန၊ တိုင်းဆည်မြောင်းဦးစီးဌာန၊ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနနှင့် တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးများက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက မြို့ကြီး ရေလှောင်တမံကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီစေရေး၊ ကြပ်မတ်စစ်ဆေး တာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲများကလည်း လုပ်ငန်းလိုအပ်ချက်များကို အချိန်မီ စစ်ဆေးပြုပြင် ဆောင်ရွက်ရေး၊ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးကို နည်းလမ်းသုံးသွယ်ဖြင့် ကြိုးစားဆောင်ရွက်ရေး၊ လျာထား သတ်မှတ်ထားသည့် စိုက်ဧကများအတွက် ရေအပြည့်အဝလုံလောက်စွာ ရရှိရန်အတွက် ကြိုးစားဆောင်ရွက်ရေး၊ သစ်တောဦးစီးဌာနအနေဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဆည်များ၏ ရေဝေရေလဲဒေသ သစ်တောများကို အလေးထား ထိန်းသိမ်း ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရှင်းလင်းဆောင် ရှုရပ်မှ တည်ဆောက်ရေးလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စီမံကိန်းလုပ်ငန်းခွင်၌ တမံချောင်းပိုင်းကို စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပင်မတမံ မြေကြီးဖို့ခြင်းလုပ်ငန်းအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရှည်၁၃၁၉ပေရှိ ရေအားလျှပ်စစ် ဥမင်လိုဏ်ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

မြေသားတမံ

အဆိုပါ မြို့ကြီး ရေလှောင်တမံသည် ဇော်ဂျီမြစ်ပေါ်တွင် အလျား ၂၄၆၁ပေ၊ အမြင့်၂၅၈ပေ၊ ရေလှောင်ပမာဏ ဧကပေ ၃ဒသမ၅၉သိန်းရှိ မြေသားတမံ တည်ဆောက်ပြီးလျှပ်စစ်ဓာတ်အား ၁၅မဂ္ဂါဝပ်စက်နှစ်လုံး တပ်ဆင်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၃၅ ဒသမ ၇၀ထုတ်လုပ်နိုင်မည် ဖြစ်ကာ စီမံကိန်းပြီးစီးပါက မိတ္ထီလာ လွင်ပြင်အတွင်းရှိ ဆည်ရေသောက် ဧရိယာဧက ၃၀၀၀၀ခန့်ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြို့ကြီးရေလွှဲဆည်သို့ သွားရောက်၍ ရေထိန်းတံခါးနှင့် တမံကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် အမှတ် (၁) ခရိုင်ချင်းဆက် လမ်းအတိုင်း ထွက်ခွာလာပြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၊ ရွှေပြည့်ရင်ကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား လည်းကောင်း၊ ဇီးတော ကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသပြည်သူများအား လည်းကောင်း တွေ့ဆုံ၍ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျေးရွာများအတွက် ဇီဝဘက်ထရီနှင့်ဆက်စပ်မီးချောင်းများ၊ အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပြင်စည်-ကုန်းတည်း-အိုင်မနက်ချောင်း အမှတ်(၁)ခရိုင်ချင်းဆက်လမ်း မိုင်တိုင်(၁၄)သို့ ရောက်ရှိရာ ဇရပ်ကုန်း ရှင်းလင်းဆောင်၌ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့မှ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက တာဝန်ယူ ဆောင်ရွက်ရမည့် လမ်းမိုင်များ၌ ကတ္တရာများ အပြီးသတ်ခင်းရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လမ်းမိုင်များ၌ ရေကျော်နှင့် တံတားများ တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

လုပ်ငန်းပြီးစီးမှု

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)လမ်းတွင် မန္တလေးတိုင်း လမ်းပိုင်း၌ ကတ္တရာလမ်း ၈၂/၃မိုင်နှင့် မကွေးတိုင်း လမ်းပိုင်း၌ ကတ္တရာလမ်း ၇၄/၆မိုင် လုပ်ငန်းပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျော်ဖုံးမှ

လပွတ္တာမြို့နယ်သည် ပြီးခဲ့သည့်နှစ် မေလက နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော်လည်း ပြန်လည်တည်ဆောက်မှုနှင့်သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်မှုများကို ရာနှုန်းပြည့်နီးပါးပြီးစီးအောင် ဆောင်ရွက်နိုင်သည်ကို မြန်မာ့အလင်းသတင်းအဖွဲ့ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန်အတွက် လက်တွေ့ကွင်းဆင်း လေ့လာခဲ့သည်။

လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာ အချို့တွင် နေရောင်ခြည်စွမ်းအင်သုံးစွဲနိုင်ရန် စီစဉ်ပေးမှုများကို ဤသို့ မြင်တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သစ်လွင်တောက်ပ

လပွတ္တာမြို့ပေါ်တွင်ကား စာသင်ကျောင်း၊ ဆေးရုံစသည့် အစိုးရအဆောက်အအုံများနှင့် နေအိမ်များမှာ မူလထက်ပိုမိုကောင်းမွန်သော ပြန်လည်မွမ်းမံပြုပြင်မှုနှင့် အသစ်ပြန်လည် တည်ဆောက်မှုတို့ကြောင့် နေရာတိုင်းတွင် သစ်လွင်တောက်ပသောအသွင်ဆောင်လျက်ရှိနေသည်။ ပြီးခဲ့သည့်နှစ်က မုန်တိုင်းဒဏ်ခံခဲ့ရသောမြို့ဟုပင်ဆိုရမည်မှာ ခက်ခက်ပင်ဖြစ်သည်။

ရောက်ရှိ

လပွတ္တာမြို့နယ် အတွင်း Cyclone Shelter **များ တည်ဆောက်မှုများကိုကြည့်လျှင် ပြင်စလူ၊ ဇင်ရွဲလေး၊ ဇရာရွှေဝါ၊ ပိုးလောင်း၊ သင်္ကန်းကြီး၊ စလူဆိပ်နှင့် သစ်ပုတ် စသည့် ကျေးရွာများတွင်ဖြစ်သည်။** Cyclone Shelter **တစ်ခုလျှင် လူဦးရေ ၅၀၀ ကျော်အထိ ခိုလှုံနိုင်သည့် အနေအထားရှိကြောင်း အောက်ပြွန်ဝရွာကိုရောက်ရှိစဉ် မြင်တွေ့ရသည်။**

တည်ဆောက်ပေးထား

အောက်ပြွန်ဝရွာသည် မုန်တိုင်းကြောင့် တစ်ရွာလုံး ပျက်စီးခဲ့ရသည်။ ယခုအိမ်အသစ်များ တည်ဆောက် ပေးထားသည်မှာ ၁၂၇အိမ်ရှိနေသည်။ သွပ်များ ပြောင်လက်နေပြီး ညီညာသပ်ရပ်သော အိမ်အသစ်များကြောင့် နေချင့်စဖွယ်ဖြစ်သည်။ နိုင်ငံတော်က နေအိမ်တည်ဆောက်ပေးသည့်အပြင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ပါက ခိုလှုံနိုင်ရန် ရွာအရှေ့မြောက်ဘက်၌ Cyclone Shelter တည်ဆောက်ပေးထားသည်။

ရေကာတာ

အောက်ပြွန်ဝရွာ ဘေးကပ်လျက်၌ ရေနံတား ရေကာတာအဖြစ်တည်ဆောက်ထားသော အမြင့်ရှစ်ပေခန့်ရှိသော အလယ်ကျွန်း ရေနံတားတာရှိသည်။ ထိုရေနံတားတာကြောင့် ဇီးဖြူဆိပ်ကျေးရွာ အုပ်စုအောက်ပြွန်ဝရွာ၊ သင်္ကန်းကုန်း၊ ဇီးဖြူဆိပ်၊ အင်္ဂတေ၊ ကိုးတောင်ရွာကိုလည်း ရေနံတားပေးနိုင်သည့်အပြင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ၁၅မိနစ်အတွင်း အရောက်လာကာ ဘေးကင်းစွာ ခိုလှုံနိုင်ကြောင်း အသိပညာပေးထား သည်။

သောက်သုံးရေ

ရေနံတား တာပေါင်ဘေးတွင် သောက်သုံးရေကန်ရှိရာ ရေချိုသောက်သုံးရေအတွက်လည်း အောက်ပြွန်ဝရွာသားများ ပူပန်စရာ မလိုတော့ချေ။ သဘာဝဘေး ကြုံတွေ့ ရပါက ခိုလှုံနိုင်ရန် အချိန်မီ ဘေးကင်းရာသို့ ရွှေ့ပြောင်းသွားလာသည့် လမ်းအဖြစ်လည်း အသုံးပြုနိုင်ရန် တည်ဆောက်ပေးထားသည်။

တည်ဆောက်ပြီး

အောက်ပြွန်ဝရွာ၏အရှေ့မြောက်ဘက်၌ Cyclone Shelter တည်ဆောက်ပြီးစီးနေမှုကို တွေ့မြင်ရသည်။ သံကူကွန်ကရစ် အဆောက်အအုံအမျိုးအစားဖြစ်ပြီး လေမုန်တိုင်းဒဏ်ခံနိုင်သလို မုန်တိုင်းဒီရေ ရှစ်ပေခန့်အမြင့်အထိ မနစ်မြုပ်နိုင်ချေ။ အထပ်သုံးထပ်ရှိပြီး မြေညီထပ်၌ ရှစ်ပေမြင့်ကာ၊ အလယ်ထပ်အမြင့်မှာ ၁၂ ပေရှိသည်။ အပေါ်ဆုံး တတိယအထပ်မှာ ခြောက်ပေမြင့်ကာ အမိုးသွပ်နှင့် ဘေးပတ်လည်အကာများဖြင့်တည်ဆောက်ထားသည်။ အာရ်စီအုတ်အဆောက်အအုံဖြစ်ပြီးအလျားပေ ၆၀နှင့် အနံပေ ၃၀ကျယ်ဝန်းကာ မြေအနက် ခုနစ်ပေအထိ ပန္နက်တင်ထူပြီး တည်ဆောက်ထားသည်ဖြစ်ရာ ဒေသခံပြည်သူ ၅၀၀ ကျော် သဘာဝဘေးခိုလှုံနိုင်သည်။

လပွတ္တာမြို့နယ် အောက်ပြွန်ဝရွာအနီး တည်ဆောက်ထားသည့် သဘာဝဘေးဒဏ်မှဘေးကင်းစွာ ခိုလှုံနိုင်သော Cyclone Shelter ကလည်း ဒေသခံများအတွက် ဤသို့ ခိုင်ခိုင်ခံ့ခံ့။ (မြန်မာ့အလင်း)

ဤ Cyclone Shelter ကို အနီးဝန်းကျင် ၁၀ ရွာခန့်မှ ဒေသခံများ ၁၅ မိနစ်အတွင်း အရောက်လာရောက်ခိုလှုံနိုင်အောင် စနစ်တကျ တွက်ချက်တည်ဆောက်ထားခြင်းဖြစ်သည်။ ဤဒေသတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက Cyclone Shelter ၌ ခိုလှုံနိုင်သလို အမြင့်ရှစ်ပေရှိပြီး တာလမ်းအကျယ်၁၀ပေခန့်ရှိသော ရေနံတား ပတ်တာကလည်း ဒေသခံများအတွက် သဘာဝဘေးအန္တရာယ်မှ ခိုလှုံရန်အတွက် စနစ်တကျတွက်ချက်တည်ဆောက်ထားခြင်းဖြစ်ရာသဘာဝဘေးဒဏ်အတွက် စိုးရိမ်ကြောက်ရွံ့စရာ မရှိနိုင်တော့ချေ။

သင်္ကန်းကုန်းကျေးရွာ

အောက်ပြွန်ဝရွာမှ သင်္ကန်းကုန်းကျေးရွာသို့ စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ အောက်ပြွန်ဝရွာနှင့် သင်္ကန်းကုန်းရွာများကို ကျွန်းပတ်တာအဖြစ် ဆက်သွယ်ထားသည့် ရေနံတားကမ်းပတ်တာကို တစ်မျှော်တစ်ခေါ် လှမ်းမြင်ရသလို ရေလမ်းခရီးတစ်လျှောက် ငါးဖမ်းပိုက်ချနေသူများကိုလည်းတွေ့ရှိရသည်။ ဒေသခံငါးဖမ်းသမားများကို မြစ်ကြောင်းတစ်လျှောက်နေရာများစွာ၌ မြင်တွေ့ရသဖြင့်ပုံမှန်လုပ်ငန်းခွင်များ နှစ်တိုင်းကဲ့သို့အသားကျနေပြီကို မြင်တွေ့ရသည်။

လပွတ္တာမြို့နယ် သင်္ကန်းကုန်းကျေးရွာအုပ်စု ကွင်းကြီးရွာ၌ အသစ်ပြန်လည် တည်ဆောက်ပေးထားသော နေအိမ်များ၏ ညီညာသပ်ရပ်စွာ တည်ရှိနေမှုမြင်ကွင်း။ (မြန်မာ့အလင်း)

လပွတ္တာမြို့နယ် ဇီးဖြူဆိပ်ကျေးရွာအုပ်စု အောက်ပြွန်ဝရွာ၏ စနစ်တကျ ပြန်လည်တည်ဆောက်ပေးထားမှုမှာ နေအိမ်၊ လမ်း၊ ခြံဝင်းနှင့် ပြည့်စုံစွာ။ (မြန်မာ့အလင်း)

စက်လှေကမ်းကပ်ပြီးနောက်မြစ်ကမ်းပေါ်တက်လိုက်ရာ ဝေဟင်သို့ မြင့်မားစွာ မို့မောက်နေသော Cyclone Shelter အနီး ရေလွှတ်ကုန်းကြီးကိုဘွားခနဲ မြင်တွေ့လိုက်ရသည်။ အမြင့်ပေ ၂၀ခန့်မြင့်ပြီး တာပေါင်အကျယ် ၁၅ပေခန့်ရှိရာအနီးရှိ ကွင်းကြီးကျေးရွာခွဲကို အပေါ်စီးမှ လှမ်းမြင်ရသည်။ ဒေသခံ ၁၀၀၀ကျော်ခန့် သဘာဝဘေးဒဏ်ခိုလှုံနိုင်သော ရေလွှတ်ကုန်းဖြစ်သည်။ အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများအတွက် သဘာဝဘေးဒဏ်မှ ခိုလှုံနိုင်ရန် တည်ဆောက်ပေးထားခြင်းဖြစ်သည်။

နေသားကျနေ

ကွင်းကြီးကျေးရွာခွဲမှာ သင်္ကန်းကုန်း ကျေးရွာအုပ်စု၌ ပါဝင်သည်။ နာဂစ်ကြောင့် တစ်ရွာလုံးပျက်စီးခဲ့ရာ ယခုအခါ နေအိမ် ၁၁၇အိမ် ပြန်လည်တည်ဆောက်ပေးထားသဖြင့်သွပ်ဖွေးဖွေးဖြင့် ခိုင်ခံ့နေသည်။ ရွာလယ်လမ်းများ၊ ကျန်းမာရေးဆေးပေးခန်းနှင့် စာသင်ကျောင်းတို့ဖြင့် ပြီးပြည့်စုံနေသည့် စံပြရွာကဲ့သို့ ဖြစ်နေသည်။ နေအိမ်များအတွင်း အိမ်ထောင်စုများက နေသားကျနေထိုင်သွားလာလှုပ်ရှားနေကြပြီဖြစ်သည်။



လပွတ္တာမြို့နယ် အောက်ပြွန်ဝကျေးရွာ အသစ်ပြန်လည်တည်ဆောက်ထားမှုကလည်း သွပ်များဖွေးဖွေးနှင့် ဤသို့မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

ပညာပေးဆွေးနွေး

ကွင်းကြီးကုန်းကျေးရွာနှင့် ကပ်လျက်သင်္ကန်းကုန်းရွာသို့လမ်းလျှောက်ကာသွားရောက်ခဲ့သည်။ ဤရွာတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာရေးဖြစ်သည့် ရဲကျော်သူဦးကံရင်ကကျေးရွာအတွင်း ပြန်လည်တည်ဆောက်ပြီးစီးနေမှုများကို လိုက်လံပြသရာ ကျေးရွာသားများ စည်းလုံးညီညွတ်မှုကြောင့် ပြင်ဆင်မှုရာခိုင်နှုန်းပြည့်ပြီးစီးနေပြီကို တွေ့မြင်ရသည်။ မိမိတို့၏ မူလအသက်မွေးဝမ်းကျောင်း အလုပ်များကို အသားကျစွာ ပြန်လည်လုပ်ကိုင်နေကြပြီဖြစ်သည်။ ရဲကျော်သူ ဦးကံရင်က နာဂစ်မုန်တိုင်း တိုက်ခတ်စဉ် ကလေးငယ်သုံးဦးအား အသက်စွန့်ပြီး ကယ်ဆယ်ခဲ့ပုံများကို ပြောပြသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ကျေးရွာသားများအား မည်သို့ ရှောင်တိမ်းရမည်ကို အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ထားသည်ဟု မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

သင်္ကန်းကုန်းကျေးရွာမှ စက်လှေပြန်ထွက်ချိန်၌ မွန်းလွဲနေပြီဖြစ်သည်။ လှိုင်းမထန်ခင် စက်လှေကိုအမြန် မောင်းခဲ့ရသည်။ လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းကြောင့်ပျက်စီးခဲ့မှုများ အားလုံး ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက အချိန်မီ ရှောင်တိမ်း၊ ခိုလှုံနိုင်ရန် Cyclone Shelter များ၊ လမ်းများ၊ အသက်ကယ်ကုန်းများ၊ သဘာဝဘေးဒဏ်ခံနိုင်သောကျန်းမာရေးဆေးခန်းနှင့် စာသင်ကျောင်းများ၊ကမ်းပတ်တာများ ရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လပွတ္တာမြို့နယ် ဇီးဖြူဆိပ်ကျေးရွာအုပ်စုအတွင်း တည်ဆောက်ထားသော ရေနံတား ကျွန်းပတ်တာနှင့် ကျေးလက်အိမ်ရာသစ်များ၏ မြင်ကွင်း။ (မြန်မာ့အလင်း)

ငါးပိနှင့်ပတ်သက်၍ အများပြည်သူ သိရှိရန် အသိပေးကြေညာချက်

နေပြည်တော် ဧပြီ ၃၀

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ငါးပိရောင်းဝယ်ရေးလုပ်ငန်းများနှင့် ဈေးကွက်များရှိ ငါးပိနှင့် ငါးပိထောင်းများကို ဓာတ်ခွဲစစ်ဆေးရာ အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rhodamine B) ပါဝင်မှုကို တွေ့ရှိသည်။

စားသုံးရန် မသင့်

Rhodamine B သည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကို အရောင်ဆိုးသော ဓာတုပစ္စည်းဖြစ်ပြီး ရောဂါပိုးရှာဖွေရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံး ဆိုးဆေးလည်း ဖြစ်သည်။ ငါးပိများကို ဆေးဆိုးရခြင်းမှာ အညိုရောင်ငါးပိကို ပန်းရောင်အဖြစ် အမြင်လှစေရန်ဖြစ်သည်။ Rhodamine B ကို စားသုံးမိပါက အစာအိမ် အူလမ်းကြောင်း ရောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြော ထိုင်းမှိုင်းခြင်း စသော လတ်တလော ဆိုးကျိုးများကို ဖြစ်ပေါ်စေပြီး ရေရှည်တွင် ကင်ဆာရောဂါ ဖြစ်စေခြင်းကြောင့် Rhodamine B ပါဝင်သော ငါးပိများသည် စားသုံးရန် မသင့်ကြောင်း နှိုးဆော်အပ်ပါသည်။

အရေးယူမည်

ငါးပိ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝ အသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသား အစားအသောက် ဥပဒေ ပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အစားအသောက်တွင် သုံးရန်ခွင့်မပြုသည့် ဆိုးဆေး Rhodamine B ပါဝင်သော စိမ်းစားငါးပိနှင့် ငါးပိထောင်းအမှတ်တံဆိပ်များ

စဉ်	အမှတ်တံဆိပ်/လုပ်ငန်း	ငါးပိအမျိုးအစား	Rhodamine B ပါဝင်မှု ရှိ/မရှိ	
၁။	အောင်သူဇ	မြိတ်ငါးပိ	ရှိ	
၂။	ပြည့်ပြည့်	မြိတ်ငါးပိ	ရှိ	
၃။	ဒေါ်အေးမြ(မြိတ်)	မြိတ်စိမ်းစားငါးပိ မြိတ်ငါးပိကင် မြိတ်ငါးပိထောင်းချဉ်စပ်	ရှိ ရှိ ရှိ	
၄။	စွမ်း	မြိတ်ပုစွန်ငါးပိ	ရှိ	
၅။	ကင်းမွန်	အဆင့်မြင့်စိမ်းစားငါးပိ	ရှိ	
၆။	အောင်စိုးမိုး	မြိတ်စိမ်းစားပုစွန်ငါးပိ	ရှိ	
၇။	ရွှေပုစွန်	ငါးပိ	ရှိ	
၈။	ကောင်းမှကောင်း	မြိတ်ငါးပိ	ရှိ	
၉။	ဒေါ်သိန်းခင်	မြိတ်ငါးပိ	ရှိ	
၁၀။	ပွင့်ဦး	ရခိုင်ငါးပိထောင်း	ရှိ	
၁၁။	သိင်္ဂီ	မြိတ်ပုစွန်ငါးပိထောင်း	ရှိ	
၁၂။	မရွှေမိုး	ပုစွန်ငါးပိထောင်း	ရှိ	
၁၃။	အမေ့လက်ရာ	ရွှေမြိတ်ငါးပိဖျော် ရွှေမြိတ်ငါးပိထောင်း ငါးပိထောင်း	ရှိ ရှိ ရှိ	
၁၄။	စိုး	မြိတ်ငါးပိထောင်း	ရှိ	
၁၅။	ပင်ပျို့ရွက်နု	ပုစွန်ငါးပိထောင်း မရန်းသီးငါးပိထောင်း ရခိုင်ငါးပိထောင်း ရွှေငါးပိထောင်း	ရှိ ရှိ ရှိ ရှိ	
၁၆။	တုံတုံ	ပုစွန်ငါးပိထောင်း	ရှိ	
၁၇။	ကျော်ခန့်	ပုစွန်ငါးပိထောင်း	ရှိ	
၁၈။	ပိုင်ပိုင်	ပုစွန်ငါးပိထောင်း	ရှိ	
၁၉။	ဖိုးခွားလေး	ငါးပိထောင်း	ရှိ	
၂၀။	အရိုးတောင်း	ငါးပိထောင်း	ရှိ	
၂၁။	မီဆိုရာ	မြိတ်မှျင်ငါးပိရှယ်	ရှိ	
၂၂။	ရွှေမြိတ်သူ	မြိတ်မှျင်ငါးပိ	ရှိ	
၂၃။	မိ	ရခိုင်ငါးပိထောင်း	ရှိ	
၂၄။	ရွှေပုလဲ	ကြက်သားငါးပိထောင်း	ရှိ	
၂၅။	စိုးပွဲရုံ	အောင်မှျင်သန့်စိမ်းစားငါးပိ ဝင်းမှျင် စိမ်းစားငါးပိ	ရှိ ရှိ	
၂၆။	ဦးမောင်ငယ်ပွဲရုံ	လင်း/688 စိမ်းစားငါးပိ K-L 677 စိမ်းစားငါးပိ ဝင်းချို 551 စိမ်းစားငါးပိ Top 683 စိမ်းစားငါးပိ PK 687 စိမ်းစားငါးပိ ပိုင် 680 စိမ်းစားငါးပိ Tလင်း 685 စိမ်းစားငါးပိ လင်းချို 554 စိမ်းစားငါးပိ	ရှိ ရှိ ရှိ ရှိ ရှိ ရှိ ရှိ ရှိ	
၂၇။	စိန်မေတ္တာပွဲရုံ	ဘိုမစိမ်းစားငါးပိ လင်းစိမ်းစားငါးပိ T စိမ်းစားငါးပိ Top စိမ်းစားငါးပိ Super စိမ်းစားငါးပိ	ရှိ ရှိ ရှိ - -	 မရှိ မရှိ
၂၈။	တိုးပွားပွဲရုံ	မြင့်စိမ်းစားငါပိ လင်းချိုအောက်စစိမ်းစားငါးပိ Super စိမ်းစားငါးပိ လင်းချို စိမ်းစားငါးပိ ညီချိုထိုးမြိတ် စိမ်းစားငါးပိ တိုးဇင် စိမ်းစားငါးပိ A1 (မြိတ်) စိမ်းစားငါးပိ မာချောင်းသား (မြိတ်)စိမ်းစားငါးပိ ဇင်ဝင်း(မြိတ်) စိမ်းစားငါးပိ WA (မြိတ်) စိမ်းစားငါးပိ ချိုရှယ်(မြိတ်) စိမ်းစားငါးပိ ဇင်မွေးချို(မြိတ်) စိမ်းစားငါးပိ KKK စိမ်းစားငါးပိ AAA စိမ်းစားငါးပိ ကောင်းကောင်းမှျင်သန်စိမ်းစားငါးပိ ကောင်းထက်စိမ်းစားငါးပိ ဟိန်းရှယ်စိမ်းစားငါးပိ ထိုက်စိမ်းစားငါးပိ ပီတိ စိမ်းစားငါးပိ ချောစိမ်းစားငါးပိ ရွှေဝါစိမ်းစားငါးပိ နှင်းရှယ်စိမ်းစားငါးပိ ထွန်းတောက် စိမ်းစားငါးပိ နေလ စိမ်းစားငါးပိ ခိုင်ဂါး စိမ်းစားငါးပိ နီလာ စိမ်းစားငါးပိ နုချိုမွေး စိမ်းစားငါးပိ အေတောင်း စိမ်းစားငါးပိ ချိုမွှေး စိမ်းစားငါးပိ မြတ် စိမ်းစားငါးပိ 2K ချို စိမ်းစားငါးပိ ဖြူရှယ် စိမ်းစားငါးပိ မျိုး စိမ်းစားငါးပိ	ရှိ - - - - -	 မရှိ မရှိ မရှိ မရှိ မရှိ
၂၉။	ကောင်းမှကောင်း (ဒေါ်ဝင်းမြင့်ပွဲရုံ)	စိမ်းစားငါးပိ အောင်လှိုင်ရွှာ(စိမ်းစားငါးပိ)	ရှိ -	 မရှိ
၃၀။	မြိတ်ပတ္တမြားပွဲရုံ	စိန်နှင့်ရွှေဖျားစိမ်းစားငါးပိ ဖြိုးနောက်မီး စိမ်းစားငါးပိ မျိုးစားချို နောက်မီးစိမ်းစားငါးပိ ၂၂ မှျင်သန်ချိုနောက်မီးစိမ်းစားငါးပိ	ရှိ ရှိ ရှိ -	 မရှိ
၃၁။	ရွှေပြည်သစ်ပွဲရုံ	ငွေယမုံ စိမ်းစားငါးပိ ဇော်ဂါး စိမ်းစားငါးပိ မာန် စိမ်းစားငါးပိ သန့်ဇော် စိမ်းစားငါးပိ ခင် စိမ်းစားငါးပိ S မသဲခ စိမ်းစားငါးပိ	ရှိ ရှိ - - - -	 မရှိ မရှိ မရှိ မရှိ
၃၂။	နဒီ ဧရာပွဲရုံ	တနင်္သာရီတိုင်း TYW စိမ်းစားငါးပိ ဧရာဝတီသိန်း စိမ်းစားငါးပိ ဧရာဝတီတိုင်းကြယ်သုံးလုံးစိမ်းစားငါးပိ ဧရာဝတီတိုင်းအင်တာ စိမ်းစားငါးပိ ဧရာဝတီတိုင်းမြောင် စိမ်းစားငါးပိ	ရှိ - - - -	 မရှိ မရှိ မရှိ မရှိ
၃၃။	ထိုက်ထိုက်	ငါးပိထောင်း	-	မရှိ
၃၄။	ရှင်းသန့်	ငါးပိထောင်း	-	မရှိ
၃၅။	ရွှေနဂါး	မြိတ်ပုစွန်ငါးပိ	-	မရှိ
၃၆။	ဇီးချိုင်	လက်ထောင်းရခိုင်မှျင်ငါးပိ	-	မရှိ
၃၇။	အင်ကြင်း	ပုစွန်ငါးပိထောင်း	-	မရှိ

ကျန်းမာရေးဝန်ကြီးဌာန

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ခရမ်းမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် မေ ၃၀

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ဦးဆောင်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းသူ၊ ခရမ်းသားများ၏ သားသမီးများအား ပညာထူးချွန်ဆုပေးပွဲကို ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး သာသနဗိမာန်၌ မေ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မှ လိုက်ပါလာကြမည့် ကျောင်းသူ ကျောင်းသားများ၊ အလှူရှင်များနှင့် အသင်းသား အသင်းသူများအတွက် ကားများ စီစဉ်ထားပါသဖြင့် ရန်ကုန်မြို့ စက်ဆန်းရှိ ရွှေခြသေ့် ခရမ်းကားဂိတ်တွင် ယင်းနေ့ နံနက် ၅နာရီခွဲ လာရောက်စီးနင်းနိုင်ပါကြောင်းကို အသင်းအလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အိုင်တီထုတ်ကုန်ပစ္စည်းသစ်များ ခင်းကျင်းပြသထားသည့် Myanmar ICT Exhibition 2009

သတင်းမှတ်စု-မိုးမြင့်လင်းလက် — ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း) — စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၃၀

အိုင်တီနည်းပညာ တိုးတက်မှုက အံ့မခန်း၊ အချိန်နှင့်အမျှ အိုင်တီထုတ်ကုန်အသစ်နှင့် နည်းပညာအသစ်များက မပြတ်တမ်း ပေါ်ထွက်နေသည်။ မြန်မာလူငယ်များ၏ အိုင်တီနည်းပညာ စိတ်ဝင်စားမှုကလည်း အရှိန်အဟုန်ဖြင့် ကျယ်ပြန့်လာလျက်ရှိရာ အိုင်တီပြပွဲများကို ဆက်တိုက်ကျင်းပပေးလျက်ရှိသည်။

တွေ့ဆုံ

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ၁ရက်(**ယနေ့**) မှ ၃ရက်အထိ ကျင်းပမည့် Myanmar ICT Exhibition 2009 ကို တာဝန်ယူကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံခဲ့သည်။

ရှင်းပြ

"ဒီပွဲကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနဲ့ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းပြီး ကျင်းပတာပါ။ တာဝန်ယူကျင်းပတာက ကွန်ပျူတာပညာရှင်အသင်းဖြစ်ပါတယ်။ ဒီပွဲကို လူငယ်တွေ အိုင်တီနည်းပညာအသစ်တွေနဲ့ ထုတ်ကုန်ပစ္စည်းအသစ်တွေကို တစ်နေရာတည်းမှာ အချိန်တိုအတွင်း လေ့လာသိရှိ ဝယ်ယူသုံးစွဲနိုင်ဖို့ ရည်ရွယ်ပြီး ကျင်းပတာပါ။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့လည်း လိုအပ်တဲ့ အိုင်တီထုတ်ကုန်ပစ္စည်းတွေ အလွယ်တကူ ဝယ်ယူနိုင်ခွင့်ရအောင်လို့ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအတွင်းရေးမှူး ဦးငြိမ်းဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဆော့ဖ်ဝဲတွေနဲ့ ထုတ်ကုန်ပစ္စည်းတွေ အလွယ်တကူ ဝယ်ယူလို့ရမှာပါ" ဦးထွန်းခိုင် အမှုဆောင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း။

စိတ်ဝင်စား

ထို့အပြင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းစုငြိမ်းကလည်း "လူငယ်တွေအနေနဲ့ ဒီပြပွဲမှာ အိုင်တီနည်းပညာ သရုပ်ပြပြိုင်ပွဲ၊ ရှင်းလင်းပွဲနဲ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေရှိရမယ်။ ကုမ္ပဏီ ၇၁ခုက အတွင်းပြခန်းပေါင်း၁၆၅ခန်း၊ အပြင်ပြခန်း ၁၁ခန်း စုစုပေါင်း ဆိုင်ခန်း ၁၇၆ခန်း ရှိပါတယ်။ ပြီးခဲ့တဲ့ ပွဲတွေကထက် အိုင်တီထုတ်ကုန်ပစ္စည်းသစ်တွေ ပိုများတယ်၊ အိုင်တီနည်း

"အိုင်တီနည်းပညာ သရုပ်ပြပြိုင်ပွဲ၊ ရှင်းလင်းပွဲနဲ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေပါဝင်မယ်" ဦးသောင်းစုငြိမ်း တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း။

ပညာ စိတ်ဝင်စားသူတွေအတွက် အခွင့်အရေးတစ်ခုပါပဲ" ဟု ဆက်လက် ရှင်းပြသည်။

ထိရောက်

အိုင်တီပြပွဲများ ဆက်တိုက် ကျင်းပခဲ့ရာ တစ်နှစ်ထက်တစ်နှစ် စိတ်ဝင်စားသည့် လူငယ်များ ပိုမို တိုးပွားလာသဖြင့် ထိရောက်မှုရှိသော ဆောင်ရွက်မှုတစ်ရပ်လည်း ဖြစ်သည်။

"အိုင်တီနည်းပညာ ပြန့်ပွားစေဖို့အတွက် ပြည်နယ်နဲ့ တိုင်းတွေမှာ အိုင်တီပြပွဲတွေ ကျင်းပပေးနေပါတယ်။ ဒါ့အပြင် အိုင်စီတီရက်သတ္တပတ်ပြပွဲ၊ မြန်မာအင်ဖိုတက်က ပြုလုပ်တဲ့ အိုင်တီပြပွဲတွေကို ကျင်းပပေးနေတာဟာ နှစ်စဉ် မိုးရာသီကာလကလွဲပြီး ကျန်တဲ့ အချိန်တွေမှာ ဆောင်ရွက်ပေးနေပါတယ်။ အခုဒီပွဲမှာလည်း လူငယ်တွေအတွက်ရော စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ပါ အကျိုးရှိစေမယ့် ဆော့ဖ်ဝဲတွေနဲ့ ထုတ်ကုန်ပစ္စည်းတွေ အလွယ်တကူ ဝယ်ယူလို့ရမှာပါ" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်တစ်ဦးဖြစ်သူ ဦးထွန်းခိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အိုင်တီ ထုတ်ကုန်ပစ္စည်းတွေ တစ်နေရာတည်း လေ့လာခွင့်ရအောင် စီစဉ်ထားပါတယ်" ဦးငြိမ်းဦး အတွင်းရေးမှူး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း။

တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများမှာ အပြိုင်အဆိုင်ဖြစ်ရာ အိုင်တီထုတ်ကုန်ပစ္စည်းသစ်အများအပြားကို တွေ့မြင်ရသည်။ Lucky Bird မှ တာဝန်ယူ ပြသသည့် တိုရှီဘာ ပြခန်းတွင် နောက်ဆုံးပေါ် အိုင်တီထုတ်ကုန်ပစ္စည်းများဖြစ်သည့် တိုရှီဘာ အမှတ်တံဆိပ် နုတ်ဘွတ်၊ ပရိုဂျက်တာ၊ ဘက်စုံသုံး ဒစ်ဂျစ်တယ် မိတ္တူကူးစက်များကို အဓိကထား ပြသထားသည်ကို တွေ့ရသည်။

တိုရှီဘာ နုတ်ဘွတ်တွင် မီနီနုတ်ဘွတ် တိုရှီဘာ Satellite အမျိုးအစား၊ တိုရှီဘာ Portege နှင့် တိုရှီဘာ Qosmio စသည့် နုတ်ဘွတ်များ၊ ပရိုဂျက်တာများတွင်လည်း တိုရှီဘာ DLP နှင့် တိုရှီဘာ LCD များ၊ ဘက်စုံသုံး ဒစ်ဂျစ်တယ် မိတ္တူကူးစက်များ ပြသထားသည်ကို တွေ့ရသည်။ တိုရှီဘာ ထုတ်ကုန်ပစ္စည်းများကို ပြပွဲကာလအတွင်း ဝယ်ယူသူများအား တိုရှီဘာနုတ်ဘွတ်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ကံစမ်းမဲ ဖွင့်ပေးမည်ဖြစ်ပြီး အိုင်တီထုတ်ကုန်ပစ္စည်း တစ်မျိုးဝယ်တိုင်း စီးတီးမတ် ဈေးဝယ်ခွင့်ကတ်ကိုလည်း ပေးသွားမည်ဖြစ်သည်။

ထို့အတူ အခြားအိုင်တီပြခန်းများဖြစ်သည့် ASUS, UNIQUE, brother စသည့် ပြခန်းများလည်း ပါဝင်ပြသထားရာ အိုင်တီနည်းပညာကို စိတ်ဝင်စားသူများအနေဖြင့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

Myanmar ICT Exhibition 2009 တွင် အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည့် တိုရှီဘာနုတ်ဘွတ်နှင့် ပရိုဂျက်တာကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သမိုင်းဝင်ဆံတော်ရှင် ဓနုတ်စေတီတော် ရွှေထီးတော် တင်လှူပူဇော်မည်

ရန်ကုန် မေ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ အသစ်ပြန်လည်တည်ထားသော ရှေးဟောင်းသမိုင်းဝင် ဓနုတ်စေတီတော်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်း၊ ပန်းလည်တိုင် စိုက်ထူခြင်း၊ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကို မေ၂ရက်မှ ၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မေ၂ရက် နံနက်၇နာရီတွင် အလယ်ဌာပနာသွင်းခြင်း၊ ပင်မ ပန်းလည်တိုင် စိုက်ထူခြင်း၊ အရံစေတီ ၂၄ဆူ ပန်းလည်တိုင် စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပခြင်း၊ မေ ၃ရက် နံနက် ၇နာရီတွင် စေတီတော်ကြီး၏ ထီးတော်ပထမဘုံ၊ ဒုတိယဘုံ၊ အရံစေတီ ၂၄ဆူ၏ သုဝဏ္ဏပါဒက ရွှေထီးတော် တင်လှူပူဇော်ခြင်း၊ မေ ၄ရက် နံနက် ၇နာရီတွင် စေတီတော်၏ တတိယဘုံအဆင့်မှ နဝမဘုံအဆင့်အထိ ထီးတော်များ တင်လှူခြင်း၊ မေ ၇ရက် နံနက်၇နာရီတွင် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူခြင်း၊ အရံစေတီ ၂၄ဆူ ရွှေထီးတော်များ တင်လှူခြင်းနှင့် ရွှေသင်္ကန်းကပ်လှူခြင်း၊ မေ ၈ရက် နံနက် ၇နာရီတွင် မြသပိတ်တော် ဆွမ်းတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ လာရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်း အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၃၀

ရန်ကင်း အထက(၁)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ၁၉၆၂ခုနှစ်မှ ၁၉၈၂ခုနှစ်ကာလအတွင်း ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ရှိ သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ပူဇော်ပွဲတွင် ပါဝင် အကန်တော့ခံနိုင်ရန်အတွက် အလုပ်အမှုဆောင် ကော်မတီများသို့ ဆက်သွယ်စာရင်းပေးပို့ကြရမည် ဖြစ်သည်။

တိုက်တွန်းနှိုးဆော်

ထို့ပြင် ရန်ကင်း အထက(၁)၏ ရွှေရတုအကြိုမဂ္ဂဇင်းကို အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွင်း ထုတ်ဝေသွားမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများနှင့် စာပေဝါသနာရှင်များ၏ စာမူများကို ဇူလိုင် ၃၀ရက်နောက်ဆုံးထား၍ ဦးဇေယျကို ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ၀၁-၆၆၆၈၉၅၊ ဗိုလ်ကြီးတင်မောင်အေး (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၂-၀၀၂၀၀၊ ဦးစိုးမြင့် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၆၃၈၈၉၊ ၀၁-၅၆၅၂၂၃၊ ဦးခင်မောင်လှိုင် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀-၄၀၈၉၇၊ ၀၁-၆၈၂၉၁၈-၉ (ရုံး)၊ ဒေါ်ခင်မြတ်သက် (စာရင်းစစ်) ဖုန်း-၂၀၀၀၂၈၊ ၂၅၄၁၄၀၊ ၀၉- ၈၀-၂၄၉၃၀၊ ကျောင်းအုပ်ကြီး အထက(၁) ရန်ကင်း ဖုန်း-၅၅၇၅၀၆တို့သို့ ဆက်သွယ်ပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

❒ *ကျော့ဖုံးမှ*

ပျက်စီးကျိုးပဲ့

သွားသန့်ရှင်းရေးကို နေ့စဉ်ပြုလုပ်ရာတွင် အလွယ်တကူ ရရှိနိုင်သည့် ဆား၊ ပြာမှုန့်နှင့် အခြားမီးဖိုချောင်သုံးပစ္စည်းများဖြင့် အသုံးမပြုသင့်ကြောင်း။ ထို့အတူ အလွယ်တကူ ဖော်စပ်ထားသည့် သွားတိုက်မှုန့်များဖြင့်လည်း သွားမတိုက်သင့်ကြောင်း၊ ထိုသို့ လွဲမှားစွာ သွားသန့်ရှင်းမှုပြုလုပ်ပါက သွားများ ပျက်စီးကျိုးပဲ့မှု ပိုမိုလျင်မြန်စေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

တွေ့ရှိ

တစ်ဖန် အလွယ်တကူအသုံးပြုနိုင်သော သွားသန့်ရှင်းမှုပစ္စည်းများကြောင့် သွားဖုံးရောဂါများ ရရှိစေနိုင်ကြောင်း၊ ခံတွင်းနှင့် သွားရောဂါရရှိသူ ၅၀ကို သုတေသနပြုခဲ့ရာတွင် စနစ်တကျ ထုတ်လုပ်ထားသည့် သွားတိုက်ဆေးများကို သုံးစွဲခြင်းမပြုကြသူများ ၃၀ရာခိုင်နှုန်းခန့်ရှိနေကြောင်း တွေ့ရှိရသည်ဟု အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ ။

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အသင်းသားစုံညီ အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသင်းသားစုံညီအစည်းအဝေး

* **ကျင်းပမည့်နေ့ရက်** - ၃-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)
* **ကျင်းပမည့်အချိန်** - နံနက် ၁၀နာရီ
* **ကျင်းပမည့်နေရာ** - အစည်းအဝေးခန်းမ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း **MWEA Tower**၊ အမှတ်(၂၈၈/၂၉၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေး

* **ကျင်းပမည့်နေ့ရက်** - ၈-၅-၂၀၀၉ရက် (သောကြာနေ့)
* **ကျင်းပမည့်အချိန်** - နံနက် ၉နာရီ
* **ကျင်းပမည့်နေရာ** - **Sedona Hotel (Ballroom)**

မှတ်ချက်။ ။ ညစာစားပွဲလက်မှတ်များကို အသင်းရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း
ဖုန်း-၂၅၄၄၀၀၊ ၂၅၄၄၃၃၊ ၃၈၉၃၈၀။

အမည်ပြောင်း

အဖဦးနေဝင်းဦး၏သား အထက (၂)ဒဂုံမြို့သစ်(တောင်ပိုင်း)သတ္တမတန်း (E)မှမောင်စိုးလွင်ထိုက်အား ယနေ့မှစ၍ မောင်စိုးလင်းထက်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်စိုးလင်းထက်။**

အမည်ပြောင်း

အဖဦးစောအောင်၏သားအလက (၂)တာမွေ စတုတ္ထတန်းမှ မောင်ပြည့်ကိုကိုအား မောင်လွှမ်းမိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်လွှမ်းမိုးအောင်။

အသိအမှတ်မပြုကြောင်း ကြေညာခြင်း

၃၀-၄-၂၀၀၉ရက် မြန်မာ့အလင်းသတင်းစာပါ **ဗိုလ်ကြီးရဲဟိန်းဇော်** နှင့် **မရဲသီတာထွဋ်**တို့၏ မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာအား သတို့သားမိဘများ၏ ခွင့်ပြုချက်မပါဘဲ ကြေညာခဲ့ပါသဖြင့် အသိအမှတ်မပြုကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးလွင်-ဒေါ်မိမိဆန်း
မိသားစု။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကုံ့ကော်ရပ်ကွက်၊ ဘော်ကွင်းစု (၃)လမ်းနေ ကျွန်မ ဒေါ်သန်းခင် ၁၀/ကထန (နိုင်) ၀၁၁၉၇၈၏ သမီးဖြစ်သူ မမဲလုံး(ခ)မတင်အုန်း ၁၀/ကထန(နိုင်) ၀၆၄၅၃၄သည် အမိဖြစ်သူနှင့် ညီအစ်ကို မောင်နှမများမသိဘဲ နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်သန်းခင်
(ကျိုက်ထိုမြို့)
၁၀/ကထန(နိုင်) ၀၁၁၉၇၈။

ပုလဲရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမြင့်သန်း** (ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်)နှင့် ချစ်မေမေ **ဒေါ်ချိုချိုသိန်း** (အလပြ-ငြိမ်း)တို့၏ ၂၀၀၉ခုနှစ် မေ ၁ရက်တွင်ကျရောက်သော နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်သောသားသမီးများနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်····

ချစ်သမီးကြီး - **မောင်နေအောင် B.E(Electronic),YTU,B.C.Tech(UCSY)- မငြိမ်းဆုဝေ B.C.Tech(Hons:),UCSY ခေတ္တ-Singapore**
ချစ်သားလတ် - **မောင်ညီဝင်းလွင် B.E(Electrical Power) ခေတ္တ-Singapore**
ချစ်သမီးငယ် - **မဥဥခင် (B.Pharm)။**

လျှပ်စစ် သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော (စက်မှုမြေကွက်/လုံးချင်းတိုက်/တိုက်ခန်း) ဝယ်ယူထားသူများသိရှိရန်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အရစ်ကျငွေပေးသွင်းသောစနစ်ဖြင့် ရောင်းချခဲ့သော (စက်မှုမြေကွက်၊ အိမ်ရာစီမံကိန်းမြေကွက်၊ လုံးချင်းတိုက်၊ တိုက်ခန်း)များကို ဝယ်ယူခဲ့သူများအနက် ကျသင့်တန်ဖိုးပေးသွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်နေသော ဝယ်ယူထားသူများအနေဖြင့်ပေးသွင်းရန်ကျန်ငွေများကို ၃၁-၈-၂၀၀၉ရက် နောက်ဆုံးထား၍ ငွေအကျေပေးသွင်းရမည်ဖြစ်ပါသည်။

အထက်ပါသတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက လူကြီးမင်း၏ (စက်မှုမြေကွက်၊ အိမ်ရာစီမံကိန်းမြေကွက်၊ လုံးချင်းတိုက်၊ တိုက်ခန်း)ဝယ်ယူခွင့်သည် အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်း သတ်မှတ်မည် ဖြစ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

အမှာစကားပြောကြား

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၁၂၇)ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဧပြီ ၃၀

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၇)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဂုဏ်ယူဖွယ်ကောင်းသောမြန်မာ၊ မြင်းမူမောင်နိုင်မိုး၏ တာဝန်၊ ယောကျ်ားဘဝ၊ နီမင်းဆွေ၏ ဘိုမပေါင်တံ၊ ကိုကိုလှိုင်၏ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဒီမိုကရေစီပြဿနာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့မူလဘူတ 'မြေ' သမိုင်းကြောင်း(၅)အိန္ဒိယအမည်လွှမ်းခဲ့တဲ့ ရန်ကုန်တစ်ဝန်းကမြေကွက်များ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၂၁)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၃၀)၊ အာရှမိုး၏ ကမ္ဘာ့လူနေမှုစရိတ် အကြီးမားဆုံးမြို့ကြီးများ၊ ဆိုးသည်ထက်ဆိုးလာသည့် ထိုင်းနိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာအသိုင်းအဝိုင်းကို ပွက်လောရိုက်စေတဲ့ မီရှယ်လီအိုဘားမား၊ ကမ္ဘာ့စီးပွားရေး အခြေအနေဆက်လက်ကျဆင်းနေဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ပြောဆို၊ မလေးရှား စီးပွားရေးနိုးထမှုအတွက် ရင်းဂစ်ဘီလီယံ ၆၀ သုံးစွဲမည်၊ ပြန်လည်ခေါင်းထောင်ထလာသော သွေးလွန်တုပ်ကွေးရောဂါ၊ ဂျက်ကီချန်းပိုင် ရှေးခေတ် အဆောက်အအုံအား စင်ကာပူအစိုးရသို့ လွှဲပြောင်းလှူဒါန်းမည်၊ အကဆရာမ Kမီကိုက အပျိုကြီးလုပ်ဖို့ အစီအစဉ်မရှိပါဘူးတဲ့၊ ကိုရီးယားဇာတ်လမ်းတွဲ 'ကျေးဇူးတင်ပါတယ်' အပိုင်း(၇)၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care(Distribution Service) အမှတ် ၅၅(ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀-၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၃၀

အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ပြည်နယ်နှင့် တိုင်းပညာရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ဖွင့်ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အမှာစကားပြောကြားရာတွင် ပညာရေးနှင့်အားကစားပေါင်းစပ်ပြီး ကျောင်းသူ ကျောင်းသားများ၏ အားကစားအရည်အသွေး မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ အခြေခံနှင့် အဆင့်မြင့် ကျောင်းသူ ကျောင်းသားများအနေဖြင့် မြန်မာ့အားကစား ဂုဏ်ရောင်ထွန်းပြောင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍနှစ်ရပ်လုံးတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်မှစ၍ အားကစားပြက္ခဒိန် ရေးဆွဲကာ အားကစားပြိုင်ပွဲများ ကျင်းပသွားကြရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းအောင်မြင်ရေးအတွက် ပညာရေးဌာနမှ တာဝန်ရှိသူများသည် အခြားဆက်စပ်နေသည့် ဌာနများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အားကစားနှင့်ပညာရေး ပေါင်းစပ်မှုလုပ်ငန်းအတွက် အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍများမှ ကာယ ဆရာ ဆရာမ ၁၅၀အား ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံတွင် အားကစားနည်း ၂၂ မျိုးကို ရက်သတ္တ ရှစ်ပတ်ကြာ သင်တန်းပို့ချပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းနှင့် နည်းစနစ်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအဆင့်၊ ဝန်ကြီးဌာနအဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့် လက်ရွေးစင်ဟောင်းများကို ရှာဖွေစုစည်းထားပြီး စိစစ်ရွေးချယ်၍ ပညာရေးဌာနတွင် လိုအပ်လျက်ရှိသော ကာယနည်းပြများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျောင်းသူကျောင်းသားများအတွက် ပြုလုပ်ပေးသည့် အားကစားပွဲများဖြစ်၍ တာဝန်ရှိသူများအနေဖြင့် သင်ကြားရေးနှင့် အားကစားကို ဘက်မျှအောင် ဆောင်ရွက်ကြရန်၊ အားကစားနှင့်ပညာရေးပေါင်းစပ်မှု လုပ်ငန်းသည် နိုင်ငံတော်က မူဝါဒချမှတ်ပေးထားသည့် လုပ်ငန်းတစ်ခုဖြစ်ရာ တာဝန်ရှိသူအားလုံး တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့နှင့် မကွေးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပဲခူးမြို့တွင် ၁ဒသမ၈၉လက်မ၊ သာယာဝတီမြို့တွင် ဝဒသမ ၂၈လက်မနှင့် ရေးမြို့တွင် ဝ ဒသမ ၂၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂) အမှတ်(၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂) အမှတ်(၅)ကို ဧပြီ ၂၈ရက်တွင် ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ယနေ့ထုတ်ဝေလိုက်သည့် ခရီးသွားဂျာနယ်တွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ဟာသ၊ သုတ၊ လူငယ်ကဏ္ဍ၊ ကဗျာ စသည်ဖြင့် ဖတ်စရာမှတ်စရာ စုံလင်စွာပါရှိသည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများတွင် ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်သည်။

ရည်ရွယ်

ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) စီမံမှုအောက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများကို အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတ ဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉)၌ လုပ်ငန်းသုံး ဆော့ဖ်ဝဲများပြသမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၁ရက်မှ ၃ ရက်အထိ ခင်းကျင်း ပြသမည့် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) တွင် မြန်မာအင်ဖော်မေးရှင်းတက်ကနော်လော်ဂျီ ပရိုက်ဗိတ်လီမိတက် (MIT)က ကိုယ်တိုင် ရေးသားထုတ်လုပ်ထားသော လုပ်ငန်းကြီးများတွင် အသုံးပြုနိုင်သည့် ဆော့ဖ်ဝဲများဖြစ်သော ကွန်ပျူတာသုံး စာရင်းကိုင်စနစ်၊စူပါမားကက်ကြီး၊ မီနီမားကက်နှင့် စတိုးဆိုင်များအတွက် အရောင်းစနစ်၊ ဟိုတယ်သုံးကွန်ပျူတာစနစ်၊ ဆေးရုံသုံး ကွန်ပျူတာစနစ်၊ ဝန်ထမ်းကိုယ်ရေး အချက်အလက်များ ထည့်သွင်းခြင်းဆိုင်ရာ ကွန်ပျူတာစနစ်၊ ရုံးတက်ရုံးဆင်းမှတ်တမ်းတင်လက်ဗွေစနစ်၊ ဝန်ထမ်းလစာတွက်ချက်မှုစနစ်နှင့် ဝက်ဘ်ဆိုက်များ ရေးသားခြင်းတို့အတွက်ပြသမည်ဖြစ်ပြီး ဝယ်ယူလိုပါက အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် အသင်းသားစုံညီ အစည်းအဝေးကို မေ၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် ၂၈၈/၂၉၀ MWEA Tower ရှိ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏(၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ၈ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Ballroom ၌ ကျင်းပမည်ဖြစ်ပြီး ညစာစားပွဲကို ယင်းနေ့ညနေ ၆နာရီတွင် ဆီဒိုးနားဟိုတယ်၌ ပြုလုပ်မည် ဖြစ်ရာ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၃၂)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးကြီးသန်းညိန်း** (ငြိမ်း)၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ချစ်မေမေ **ဒေါ်ခင်သွယ်သွယ်မြင့်**၊ ညွှန်ကြားရေးမှူး- စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့၏ ၁-၅-၂၀၀၉ ရက်တွင် ကျရောက်သော (၃၂)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ကျန်းမာ၊ ပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားတို့ဖြင့် ဆတက်ထမ်းပိုး တိုးတက်ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားကြီး - ဒေါက်တာနိုင်ညိန်း (မျက်စိအထူးကုဆရာဝန်)
ဒေါက်တာခိုင်သူဇာဝင်း (မျက်စိအထူးကုဆရာဝန်)
သားငယ် - ဒေါက်တာချမ်းညိန်း (အလုပ်သင်ဆရာဝန်)
ချစ်မြေးလေး - တုန်တုန်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၁၀ လမ်း၊ အမှတ် ၁၃ နေ
ဦးခင်မောင်ညွန့်-ဒေါ်တင်ကြည်တို့၏သား၊

မောင်ကျော်မျိုးဝင်း (LL .B)

ဒုတိယမြို့နယ်တရားသူကြီး၊ နေပြည်တော်လယ်ဝေး မြို့နယ်တရားရုံး
နှင့်
နေပြည်တော်ခရိုင်၊ နေပြည်တော်ပျဉ်းမနား၊ ရွှေချီရပ်၊ ၉လမ်း၊ အမှတ် ၃/၁၂-၁၃နေ
စိန်ရွှေရတနာကုန်သည်(ဦးကျော်-ဒေါ်ငွေရင်)တို့၏ မြေး၊
ဦးဖေသန်းဦး-(ဒေါ်ခင်စောမူ)တို့၏ သမီးကြီး၊

မစုလာဘ်ရတနာဦး (LL.B)

ဒုတိယမြို့နယ်တရားသူကြီး၊ နေပြည်တော်တရားရုံး

တို့သည် ၂၆-၄-၂၀၀၉ရက်တွင် နေပြည်တော်ပျဉ်းမနား(CAFE NANSEIN)၌ နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟတို့၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် ကမ်းလှမ်းစကားပြောကြားပေးပါသော ဦးစိုးညွန့်(ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်၊နေပြည်တော်)၊ လက်ခံစကားပြောကြားပေးပါသော ဦးလှမြင့်ဦး (အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊နေပြည်တော်)၊ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းနှင့်ဇနီးဒေါ်ရီရီဝင်း၊ စေ့စပ်ကြောင်းလမ်းပွဲသို့ တက်ရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိ ဆွေမျိုး မိတ်သင်္ဂဟတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်မျိုးဝင်း-မစုလာဘ်ရတနာဦး။

မွေးနေ့ဆုတောင်း

စိတ်ထားမြင့်မြတ်ဖြူစင်ပြီး မိသားစုအပေါ် နွေးထွေးသောမေတ္တာဖြင့် နားလည်သိတတ်သော အနန္တကျေးဇူးရှင် ချစ်ပါပါး **ဒုတိယဗိုလ်မှူးကြီးရွှေလင်းမောင်** (ငြိမ်း) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မေ ၁ရက်တွင် ကျရောက်သည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် အသက်ရှည်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး - ဒေါ်မြမြသူ
သမီးကြီး - မအေးမြတ်မြတ်မွန် B.C.Sc, IDCS, IADCS (NCC-UK)
သမီးငယ် - မမြတ်သီရိနွယ် 2nd Year French (YUFL)
သားငယ် - မောင်ဝေယျာအောင်လင်း Grade -11 အထက(၁)ဒဂုံ။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်မင်းသိမ်းကျော် ၁၂/တမန(နိုင်) ၁၁၀၈၃၁သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သောကြောင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်လတ် ၁၂/သဃက(နိုင်)၀၈၇၇၇၁
ဒေါ်ခင်ခင်ထွန်း ၁၂/သဃက(နိုင်)၀၈၇၇၇၂။

အမည်ပြောင်း

အလက(၂)ဒဂုံ စတုတ္ထတန်းမှ အဖဦးအေးကို၏သမီး မယဉ်နှင်းကိုအား မကြည်ဖြူကိုဟု ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်စည်သူမြင့် ၁၂/မဂဒ(နိုင်) ၁၁၁၅၃၁ သည် မိဘဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီး ၎င်း၏သဘောနှင့် အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စ အဝဝကိုမျှ လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ရူပ
၁၂/မဂဒ(နိုင်)၀၂၈၅၁၆။

ပျောက်ဆုံးကြောင်း

မသီတာ၏(၀၉-၅၀-၅၇၆၀၀) GSM ဖုန်း၊ ဖုန်းကတ်နှင့် မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက နှစ်ပတ်အတွင်း အကြောင်းကြားပေးပါရန်။

အမှတ် ၄၄၊ ခုနစ်လွှာ(B)
ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊
တာမွေမြို့နယ်။



မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ



ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲထွဋ် CDC ၆၃၂၁၂ ၏ BASIC SAFETY TRAINING CERTIFICATE No.BST-30966/05 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၃-၆၈၄၁၉။**

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျောက်ချောလမ်းများဖွင့်

မိုးနဲ ဧပြီ ၁၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းခေးခရိုင် မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော မြို့တွင်းကျောက်ချောလမ်းများဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈ နာရီခွဲက စိန်ပန်းလမ်း မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ဆောင်ရွက်ပြီးသောလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ကျောက်ချောလမ်းကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး၊ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော စိန်ပန်းလမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေ၊ ၄ဝါလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေနှင့် ပေါ့မိုင်းအရှေ့လမ်း အရှည်ပေ ၉၀၀၊ အကျယ် ၁၂ပေများဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း၈၀ ဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဓမ္မရက္ခိတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်နှင့်စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ ပျော်ဘွယ်၌ကျင်းပ

ပျော်ဘွယ် ဧပြီ ၂၀

ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက် နယ်မြေ(၁၃)တွင် ဓမ္မရက္ခိတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၅ရက် နံနက် ၉နာရီခွဲက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ဝဲပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြား၍လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကိုလည်းကောင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စာကြည့်တိုက်အဆောက်အအုံသစ်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်ခုနစ်ဦးက ငွေပဒေသာပင်အဖြစ် ငွေကျပ်၅၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးက ငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ် ၁၂အုပ်၊ ဦးသိန်းဝင်းက မဂ္ဂဇင်းစာအုပ် ၁၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာအုပ်မျိုးစုံ ၈၄ အုပ်နှင့် အလှူရှင်လေးဦးတို့က စာအုပ် ၁၅၀ တို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးလှမြင့်ကလက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ အဆောက်အအုံ၏တန်ဖိုးမှာ ငွေကျပ်သိန်း၂၀ဖြစ်ပြီး သွပ်မိုး၊ အုတ်ပတ်ကားနှစ်ထပ်ဆောင်၊ အလျား၂၃ပေ၊ အနံ၁၅ ပေ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုး ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် တောင်မြို့ရပ်ကွက်တွင် သက်ကြီးပူဇော်ပွဲများကို ဧပြီ၇ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်သော ရပ်ကွက်ပြည်သူများက အသက် ၈၀ကျော်အဘိုးအဘွား ၅၅ဦးတို့အား ပူဇော်ကန်တော့ပြီး ပစ္စည်းများ လှူဒါန်းကြစဉ်။ (ဝ၂၀)

တီးတိန်မြို့၌ ဒေသဝမ်းစာဖူလုံရေး ဆွေးနွေး

တီးတိန် ဧပြီ ၂၉

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် သက်ဆိုင်ရာဌာနများ လိုက်ပါလျက် တီးတိန်မြို့သို့ ဧပြီ၂၇ရက်က ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက မြို့နယ်အတွင်း လယ်ယာများ အသစ်ဖော်ထုတ်မှုများ၊ ဒေသအတွင်း ဝမ်းစာဖူလုံရေးနှင့်လက်ဖက်၊ ကြက်ဆူပင်စိုက်ပျိုးမှုများ တင်ပြရာ ပြည်နယ်ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟိုပင်၌ သရုပ်ပြ

ဟိုပင် ဧပြီ ၂၈

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဟိုပင်ဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဧပြီ ၂၀ရက်က ဆောင်ရွက်ရာ မြို့နယ်တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျွန်းနှင့်သစ်မာ စိုက်ပျိုးရေး ပညာပေး

ရန်ကုန် ဧပြီ ၃၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀စိုက်ပျိုးရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၂၅ရက် နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီးကျေးရွာ၌ ကျင်းပရာ အလုံမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဟန်မောင်က စိုက်ပျိုးရသည့်ရည်ရွယ်ချက်နှင့်စိုက်ပျိုးခြင်း နည်းစနစ်များကို အကျယ်တဝင့်လက်တွေ့ ရှင်းလင်းပြသသည်။အဆိုပါအခမ်းအနားသို့ သစ်တောဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။**(သစ်တောဦးစီးဌာန)**

ကျောက်တော်မြို့၌ စံပြစာကြည့်တိုက် ပန္နက်တင်

ကျောက်တော် ဧပြီ ၆

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်စေတနာရှင်များက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ တန် ကျေးရွာစံပြစာကြည့်တိုက်ကို ကျောက်တော်မြို့နယ် လမ်းမတော်ကျေးရွာ၌ မတ်၈ရက် နံနက်၈နာရီက ပန္နက်တင်အခမ်းအနားကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။

ပန္နက်စိုက်ထူ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမြသန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်မြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးနှင့်ကျေးရွာရပ်မိရပ်ဖတို့က သတ်မှတ်နေရာတို့တွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များကိုစိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ပန္နက်တင်မင်္ဂလာ အခမ်းအနား အောင်မြင်စွာစိုက်ထူပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ် ပညာမဏ္ဍိုင်စာကြည့်တိုက်ဖွင့် သုတ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၂၉

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စု လှအောင်ချောင်ကျေးရွာ၌ ငွေကျပ်သိန်း၃၀ကျော်တန်ဖိုးရှိ ပညာမဏ္ဍိုင် စာကြည့်တိုက်သစ်ဖွင့်ပွဲနှင့် မြေလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ၂၂ရက်က ကျေးရွာစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုပို၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွေးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အရှိန်အဟုန်မပျက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုပိုက စာကြည့်တိုက်များ အရှိန်အဟုန်မပျက် တိုးတက်ခိုင်မာစေရေး၊ စာဖတ်သူတိုးပွားရေးနှင့် စာဖတ်ရှိန်မြင့်မားအောင်ဆောင်ရွက်ရေးရှင်းလင်းပြောကြားပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အလှူရှင်တို့က ကျေးဇူးတင်စကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်ပြီး ပညာမဏ္ဍိုင်စာကြည့်တိုက်အဆောက်အအုံသစ်နှင့် မြေပိုင်ဆိုင်မှုကို အလှူရှင် ဦးနိုင်ထွေးနှင့်ဇနီးတို့က လွှဲပြောင်းလှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွေးက လက်ခံယူသည်။

လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာအလှူရှင်များက သုတရသစာအုပ်မျိုးစုံ အုပ် ၅၁၀ ကို ကျေးရွာစာကြည့်တိုက် ကော်မတီသို့ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

Myanmar ICT Exhibition 2009
Tatmadaw Hall, Yangon. | 1~3 - May | Booth-F23

Technoland Computer Sales & Services
No. 186-188 / 189, Mahabandoola Garden Street, Kyauktada Township, Yangon, Myanmar.
Tel: 95-1-249565, 373516, 384780, 377056, 4412735, 4413159
Fax: 01-249565 | e-mail: technoland@myanmar.com.mm

Home / Office PC
275,000 Ks.
Brand New Warranty
Intel Celeron 1.8GHz
1GB DDR2(800) Kingston Memory
Foxconn G31MX-K Motherboard
160GB SATA Seagate Hard Drive (7,200rpm)
Lite ON CD-Rom
ATX Casing
15" Viewsonic CRT Monitor
Acpen Keyboard & Mouse
A4 tech Speaker
**STAR UPS 600VA >> 35,200 Ks. **STAR UPS 650VA >> 38,500 Ks.

M.A. (ENGLISH), Dip. ELTM
MUST ENGLISH LANGUAGE CENTRE
- IELTS (Foundation + Preparation)
- M.Med.Sc. Entrance Exam Preparation Course For Doctors
- G.C.E, Polytechnic Entrance, Basic Grammar & Four Skills
English is a must for everyone. MUST is a must for the learners of English.
09 504 3424, 09 99 20150

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကို ခံယူ၍ ဂေါပကအဖွဲ့မှ ၂၀၀၉ခုနှစ် မေလ ၈ရက် နံနက် ၉ နာရီတွင် ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဂေါပကအဖွဲ့
ဖုန်း-၆၆၀၀၀၆။

စက်နှင့်စက်ပစ္စည်းများအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ သန်လျင် အထည်ချုပ်စက်ရုံ အမှတ်(၁၉)အတွက် အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

အထည်ချုပ်စက်ပစ္စည်း

(1) Rotary Press Machine	1 No
(2) Hand Knife Machine(10")	1 No

၂။ တင်ဒါတင်သွင်းရမည့်နေရာ - သန်လျင်အထည်ချုပ်စက်ရုံအမှတ်(၁၉) သီလဝါလမ်းမအနီး အလွမ်းဆွတ်ကျေးရွာ။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၅-၂၀၀၉ရက် ၁၆း၀၀နာရီ။

မှတ်ချက် ။ ။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ဖုန်း-၀၁-၇၀၉၈၈၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး။

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်ဝစေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဇော်ဝင်း** ၉/မတလ(နိုင်)၁၂၈၈၉၁ နှင့် ကျွန်မ **မစုနန္ဒာလင်း** ၁၃/တကန(နိုင်)၂၀၁၀၉ တို့သည် ၂၂-၄-၂၀၀၉ရက်တွင် တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက်အတွင်းရေးမှူး ဦးစိုးသိန်းရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇော်ဝင်း-မစုနန္ဒာလင်း။

အမည်ပြောင်း

အဖ ဦးခင်အောင်၏သား အထက ပင်လောင်းမြို့ အဋ္ဌမတန်းအောင်မှ မောင်ကိုကိုဝင်းအား မောင်ခန့်စည်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်စည်သူ ၁၃/ပလန(နိုင်)၀၉၄၂၀၃။**

ဒေါ်နိုးတိုး(Noe Toe)
Grammar, 4 Skills

ဦးသောင်းရွှေ(ဘ)ဦးညွန့်မောင် ၁၂/အစန(နိုင်)၀၉၅၅၂၁ သိစေရန် ကြော်ငြာခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါလွင်(ဘ)ဦးသိန်းလွင် ၁၂/အစန(နိုင်) ၀၁၄၇၃၉၊ ခြံအမှတ်(၂၃၆)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဦးသောင်းရွှေနှင့် ဒေါ်ဝါဝါလွင်တို့သည် ၄-၁-၁၉၉၇ခုနှစ်က အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြရာ သား-မောင်စစ်ထက်နိုင်ကို ထွန်းကားခဲ့ပြီး ခြံအမှတ်(၂၃၆)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ်၌ နေထိုင်စဉ် ဦးသောင်းရွှေသည် ၂၀၀၄ခုနှစ် ၁၀လပိုင်းတွင် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုသို့ စွန့်ပစ်သွားခဲ့ပြီး လုံးဝ ထောက်ပံ့မှုမပြုခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့ပါ၍ ဦးသောင်းရွှေသည် ဒေါ်ဝါဝါလွင်အား ခုနစ်ရက်အတွင်း လာရောက်၍ အေးချမ်းစွာ ကွာရှင်းပေးပါရန် တောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်အထိ လာရောက်ကွာရှင်းပေးခြင်းမပြုပါက တည်ဆဲတရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ညွှန်ကြားသူ-
ဒေါ်ဝါဝါလွင်

ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၆၀၅)
ရုံး၊အိမ်-အမှတ်(၃၀၄)၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၉၉-၇၁၃၃၃။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်နေ (ဦးကျော်အေး)-ဒေါ်ခင်မာချို တို့၏သား
မောင်ဝင်းလှိုင် (ခ) အိုက်ပီး
နှင့်
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမှတ်(၇၇)၊ အေးရိပ်သာလမ်း ရေအေးကွင်းရပ်နေ ဦးမောင်ငယ်-(ဒေါ်ခင်တုတ်)တို့၏ တတိယသမီး
မရီရီအေး (ခ) E.C (B.A, Myanmar)
တို့သည် ၂၅-၄-၂၀၀၉ရက် (စနေနေ့)တွင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝင်းလှိုင်(ခ)အိုက်ပီး-မရီရီအေး။

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်

မင်းတပ် မေ ၂၆

မင်းတပ်မြို့နယ် မင်းတပ်-မတူပီလမ်း (၂၂/၂)မိုင်မှ ဘောင်ကျေးရွာသို့ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်သော မြေသားလမ်းအရှည် (၇/၀)မိုင် လမ်းဖွင့်ပွဲကို ဧပြီ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါလမ်းမှခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

မှာကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က ဒေသခံများအား ဒေသဖွံ့ဖြိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် မှာကြားသည်။

အခမ်းအနားသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူ ၃၀၀ခန့် တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိပ်ဖြူမြို့ ရေပေးရေး ရေလှောင်ကန်မှ ရေပေးဝေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့်အဖွဲ့ ဧပြီ ၂၁ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်လမ်းဖြစ်သော သံဖြူဇရပ်-အနင်းလမ်းကြောင်းပေါ်ရှိ ကော့လေး-ထင်းရှူး-ကျောင်းရွာလမ်းပိုင်း ပုံဖော်ခြင်း အရှည်သုံးမိုင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဧပြီ ၂၃ရက်က ကော့သောင်းမြို့ ဆိပ်ကမ်းသာ ပန်းခြံ သာယာလှပရေး ဆောင်ရွက်ထားမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတရားအသင်း ကြေညာခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)
နေပြည်တော်၊ ၁၃၇၁ခုနှစ်၊ ကဆုန်လဆန်း ၇ရက်
(၂၀၀၉ ခုနှစ်၊ ဧပြီလ ၃၀ရက်)

မတရားအသင်းကြေညာခြင်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ (Burma Lawyers' Council) (BLC)၊ ယင်းအဖွဲ့အစည်း၏အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားခြင်း မရှိသည့် သွားတိုက်ဆေးများ သွားကျန်းမာရေးကို ထိခိုက်စေနိုင်

ကျန်းမာရေးစံနှုန်းနှင့် ကိုက်ညီစွာ ထုတ်လုပ်ထားခြင်းမရှိသည့် အိမ်တွင်းဖြစ် သွားတိုက်ပစ္စည်းများဖြင့် သွားများကို မတိုက်သင့်ကြောင်း၊ သွား၏အပေါ်ယံ၌ ဖုံးအုပ်ထားသည့် ကြွေကဲ့သို့အလွှာ ထိခိုက်ပျက်စီးနိုင်၍ဖြစ်ကြောင်းအမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ❐

ထူးခြားသည့် နေ့အပူချိန်များ

(၃၀-၄-၂၀၀၉)

ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၃၀-၄-၂၀၀၉)

ပဲခူး	၁ ဒသမ ၈၉ လက်မ
သာယာဝတီ	၀ ဒသမ ၂၈ လက်မ
ရေး	၀ ဒသမ ၂၇ လက်မ

မိုးထစ်ချုန်း ရှာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရှာနိုင်ပါသည်။ ရှာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လပွတ္တာမြို့နယ် အောက်ပြွန်ဝကျေးရွာအနီး တည်ဆောက်ထားသော Cyclone Shelter ကလည်း သဘာဝဘေး ဖြစ်ပေါ်လာပါက အန္တရာယ်ကင်းစွာ ခိုလှုံနိုင်ရန် ဤသို့ အသင့်ရှိနေပေပြီ။ (မြန်မာ့အလင်း)

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကြောင့် ပျက်စီးခဲ့မှုအားလုံး ပြန်လည်တည်ဆောက်နိုင်

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အချိန်မီ ရှောင်တိမ်းခိုလှုံနိုင်ရန် Cyclone Shelter များ၊ လမ်းများ၊ အသက်ကယ်ကုန်းများ တည်ဆောက်ထား

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

နာဂစ်မုန်တိုင်းဒဏ် ကြုံတွေ့ခံစားခဲ့ရသည်မှာ မေ ၂ ရက်၌ တစ်နှစ်ကာလ တိုင်ခဲ့ပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကား အချိန်တိုအတွင်း အသက်အိုးအိမ်စည်းစိမ်များစွာကို ချေဖျက်နိုင်စွမ်းရှိသည်ဖြစ်ရာ သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားလေသည်။ သို့သော် မြန်မာတို့၏စိတ်ဓာတ်ပြင်းထန်မှု၊ ကူညီရိုင်းပင်းမှုနှင့် အပျက်အစီးများကြားမှ ရှန်းကန်နိုးထမှုကား အံ့ဩဖွယ်ရာကောင်းလှသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●